ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-4-2011) (၆၇၃၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားရှားပါးသော ရတနာပစ္စည်းများ ရှာဖွေဖော်ထုတ်၍ ရတနာပစ္စည်းများကဲ့သို့ အလားသဏ္ဌာန်တူ ပစ္စည်းများကို ရတနာပစ္စည်းအရောင်းဆိုင်များတွင် တင်ပြရောင်းချနိုင်ရေး ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၂

ပြခန်းအတွင်း ရတနာပစ္စည်းများပြသရာတွင် ပြုလုပ်သည့် ခုနှစ်သက္ကရာဇ်၊ ထွက်ရှိရာဒေသ၊ ခန့်မှန်းတန်ဖိုး၊ လက်ဝတ်ရတနာပြုလုပ်ဆောင်ရွက်သူအမည် အစရှိသဖြင့် ရေးထိုးမှတ်တမ်းတင် ထားရှိနိုင်ရေး၊ ထူးခြားရှားပါးသော ရတနာပစ္စည်းများအား ရှာဖွေဖော်ထုတ်၍ ပြတိုက်တွင် ထားရှိနိုင်ရေး၊ ပြည်သူများ ပြတိုက်အတွင်း လေ့လာကြည့်ရှုနိုင်သည့် ရတနာပစ္စည်းများကဲ့သို့ အလားသဏ္ဌာန်တူပစ္စည်းများကို ဝယ်ယူလိုပါက ရတနာပစ္စည်းအရောင်းဆိုင်များတွင် တင်ပြရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထိုက်က ဧပြီ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ ရောက်ရှိစစ်ဆေးစဉ် ပြတိုက်၌ ပြသထားသော ရှားပါးအဖိုးတန်ရတနာပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြတိုက်တာဝန်ရှိသူတို့အား မှာကြားခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထိုက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မဟာသင်္ကြန်အကြို ရခိုင်ရိုးရာနံ့သာသွေးပွဲနှင့် ယိမ်းအကဖျော်ဖြေပွဲ ကျင်းပ

(သတင်း) စာမျက်နှာ-၉



အန်ဖီးလ်တွင် လီဗာပူး ခြေစွမ်းပြပြီး မန်စီးတီးကို အနိုင်ယူ

(သတင်း) စာမျက်နှာ-၁၁



ဂျကာတာတွင် ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာ စစ်တုရင်

(သတင်း) စာမျက်နှာ-၁၀

တိဗက်ဇ် တံကောက်ကြောဒဏ်ရာရ၊ မန်ယူနှင့် ကစားရမည့်ပွဲ လွဲချော်မည်

(သတင်း) စာမျက်နှာ-၁၁

ဂျက်ကီချန်းနှင့် ကွန်ဆန်းဂူးတို့ စွန့်စားခန်း ရိုက်ကူးမည်

(သတင်း) စာမျက်နှာ-၈

အိန္ဒိယ ရုပ်ရှင်လောကရောက် တရုတ်မင်းသား ချန်ပေ့ဟန်း

(သတင်း) စာမျက်နှာ-၈

မြန်မာနိုင်ငံ၌ နိုင်ငံတကာလေကြောင်းလိုင်း ၁၄ လိုင်း ပုံမှန်ပျံသန်းလျက်ရှိ ခရီးသည်ဝင်ထွက်မှု ယခင်နှစ်ထက် ၂၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာ

နေပြည်တော် ဧပြီ ၁၂

မြန်မာနိုင်ငံ၌ လက်ရှိတွင် နိုင်ငံတကာလေကြောင်းလိုင်း ၁၄ လိုင်းမှ ပုံမှန်ခရီးစဉ်များ ပျံသန်းလျက်ရှိပြီး ယခုနှစ်တွင် ခရီးသည် ဝင်ထွက်မှု ၁ ဒသမ ၂ သန်းထိရှိကာ ယခင်နှစ်ထက် ၂၇ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခဲ့သည်။

ထို့အတူ မြန်မာနိုင်ငံအပေါ်မှ နေ့စဉ်ဖြတ်သန်းသည့်လေယာဉ်စင်းရေမှာ ၄၂၀ ခန့်ရှိပြီး နှစ်စဉ်ဖြတ်သန်းသည့် လေယာဉ်စင်းရေ ၁ ဒသမ ၅ သိန်းအား ဘေးအန္တရာယ်ကင်းရှင်းစွာ ထိန်းသိမ်းလမ်းညွှန်ပေးလျက်ရှိရာ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၃၃ သန်း ဝန်ဆောင်ခအဖြစ် ရရှိခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ဖျာပုံမြို့နယ် ကနီကျေးရွာ တိုက်နယ်ဆေးရုံဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကနီကျေးရွာ၌ ယုဇနကုမ္ပဏီနှင့် စေတနာရှင်ပြည်သူများ လှူဒါန်းငွေဖြင့် တည်ဆောက်ပြီးစီးသော (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၅၅ မိနစ်တွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယုဇနကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဝဏ္ဏကျော်ထင်ဦးဌေးမြင့်က ဆေးရုံနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❍

ကြေးမုံ The Mirror

၁၃-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

တန်ခူးနွေ တန်ခူးရေ ပန်းပိတောက်တို့ဖူးပွင့်ဝေ

တန်ခူးလသည် မြန်မာ့နှစ်ဦးနှစ်သစ်၏အစ ပထမလဖြစ်သည်။ တန်ခူးလအချိန်အခါသည် ရာသီဥတုသာယာသည်။ တန်ခူးနွေ တန်ခူးနေ အပူရှိန်ပြင်းသည့်တိုင် တောတောင်ဝန်းကျင်တစ်ခို သစ်ပင်ပန်းပင်တို့၏ ရွက်နု ရွက်သစ်တို့၏ စိမ်းလန်းစိုပြည်မှုကြောင့် အေးမြသောအရိပ်ကို ဆောင်သည်။

တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး တစ်ပြိုက်နှစ်ပြိုက် ရွာသွန်းဖြိုးလိုက်သည်နှင့် သင်္ကြန်၏အဆင်တန်ဆာ ပန်းပိတောက်ဖူးတို့ ပွင့်ကြလေပြီ။ ပိတောက်ပန်းတို့နှင့်အတူ တန်ခူးလရာသီပန်း ကံ့ကော်ပန်း၊ ရင်ခတ်ပန်းတို့လည်း ဖူးပွင့်ဝေဆာအလှဖြာနေကြပြီ။ နှစ်ဟောင်းလွန်မြောက် နှစ်သစ်သို့ ကူးပြောင်းတော့မည့် မြန်မာတို့၏ နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ရောက်ရှိလာပြီ။

တော၏အလှ၊ တောင်၏အလှ၊ ရာသီပန်းတို့၏အလှမျိုးစုံ တင့်တယ်ဝေဆာနေသည့် တန်ခူးလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ တစ်ဆယ့်နှစ်လရာသီပွဲတော်များရှိသည့်အနက် တန်ခူးလ နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ရက်အရှည်ကြာဆုံးဖြစ်သည်။ အစည်ကားဆုံးနှင့် နှစ်သက်ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးဖြစ်သည်။

တန်ခူးနေထွန်းလင်းတောက်ပလျက်ရှိရာ အပူရှိန်များသဖြင့် လူတိုင်းအလိုရှိဆုံး၊ အတောင့်တဆုံးအရာမှာ ရေဖြစ်သည်။ ရေသည်အေးမြ၏။ အပူကိုငြိမ်းစေ၊ အေးစေနိုင်၏။ သင်္ကြန်ပွဲတော်တွင် တစ်ဦးကိုတစ်ဦး ရေစင်သွန်းလောင်း ပက်ဖျန်းကစားကြသည်။ အေးမြသောရေ၊ မွှေးပျံ့သောနံ့သာရည်တို့ဖြင့် သွန်းလောင်းကစားကြရာ ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင်ကြည်နူးကြရသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်၏ မွန်မြတ်သောအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းရင်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြရန်လိုအပ်သည်။ တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ အေးမြစေကြောင်း၊ ရေသွန်းလောင်းကစားသင့်ကြသည်။ သန့်စင်စေကြောင်း မေတ္တာစိတ်ဖြင့် ယဉ်ယဉ်ကျေးကျေး ရေပက်ကစားကြရမည် ဖြစ်သည်။ သင်္ကြန်ရက်များအတွင်း ရေသဘင်ပွဲဆင်နွှဲသူများ လိုက်နာရန်နှိုးဆော်ချက်များ ထုတ်ပြန်ထားရာ မြန်မာ့ဓလေ့စရိုက်နှင့်အညီ ရေကစားကြရပေမည်။

မြန်မာ့သင်္ကြန်ပွဲတော်သည် လူတိုင်းပျော်ရွှင်စွာရေကစားကြသော နှစ်သစ်ကူးပွဲတော်ဖြစ်သည်။ တန်ခူးရေသည် အေးမြသန့်စင်သည်။ ရာသီပန်းအလှတို့က မွှေးပျံ့ဝေဆာနေသည်။ ပြည်သူတစ်ရပ်လုံး ပျော်ပျော်ရွှင်ရွှင် ရေသဘင်ပွဲ ဆင်နွှဲနိုင်ကြပါစေ။ သင်္ကြန်ရေနှင့်အတူ သန့်စင်အေးမြချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ မြန်မာ့နှစ်ဦးမဟာသင်္ကြန်ကို ကြေးမုံက ကြိုဆိုပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အရာထမ်းများနှင့် ဝန်ကြီး ဦးခင်မောင်စိုး တွေ့ဆုံ

ရန်ကုန် ဧပြီ ၁၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်လေးခရိုင်နှင့် မြို့နယ် ၄၅ ခုတို့မှ အုပ်ချုပ်ရေးမှူးများ၊ လျှပ်စစ်အင်ဂျင်နီယာများ၊ ဘဏ္ဍာရေးမှူးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်များနှင့် လက်ရှိအစိုးရအဖွဲ့၏ ဆောင်ရွက်နေသော မူဝါဒဆိုင်ရာများ၊ ရုံးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အကျယ်တဝင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

UMFCCI သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သော Office Management Course အပတ်စဉ်(၅)၊ Higher Certificate Course for Sales and Marketing အပတ်စဉ်(၁)၊ Higher Certificate in Sale Management and Marketing Management အပတ်စဉ်(၁)၊ Business English အပတ်စဉ်(၂)နှင့် အပတ်စဉ်(၃)၊ Certificate Course for Basic Japanese (II) Language and Business Japanese Language အပတ်စဉ်(၁)၊ Computerized Accounting MYOB (Level II) အပတ်စဉ်(၃)၊ Computerized Accounting MYOB (Level III) အပတ်စဉ်(၂) သင်တန်းများဆင်းပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ရှိ ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပရာ**(ယာပုံ)** ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး HRD ကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က သင်တန်းများ ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသားစုစုပေါင်း ၃၁၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

- ❋ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
- ❋ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
- ❋ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့်မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅ ၃။ တရားတော်
၇း၁၅ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာ့ရှုခင်း
၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၈။ ခါသင်္ကြန်အဆိုအကများ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၅ ၄။ အဖွင့်သီချင်း
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၅ ၆။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၈။ ရွှေဟောင်းသုတ
၅း၀၀ ၉။ သတိနှင့်တိုးမည့် ပိုးဖလံများ
၅း၂၀ ၁၀။ ခါသင်္ကြန်အဆိုအကများ
၅း၃၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၅၅)**
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ **Mail Box**
၆း၃၅ ၁၅။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၁၂)
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၇၆)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဦးတည်ချက်(၁၂)ရပ်
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -တော်တော်ဆိုးတဲ့ သင်္ကြန်ပိုး (မိုးခနဲ့၊ ဧရာ၊ ဗေလုဝ၊ ဝက်မ၊ မေဖြူဖြူ၊ တက္ကသိုလ်ဂွမ်းပုံနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)] (ဇာတ်သိမ်း)
၂၃။ Internet Website
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၉)**
၂၆။ သင့်အတွက်မနက်ဖြန်
၂၇။ အပိတ်နှုတ်ဆက်စကား
၂၈။ ပြီးပါပြီ။

ကွယ်လွန်သူဖခင်ကြီး ဦးမောင်မောင်သွင် (၁၃)နှစ်မြောက် အားရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းနေ ဇနီး ဒေါ်တင်ကြည်နှင့် သားသမီးမြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ် ကြီး၌ အသုံးပြုရန် သံဃာ ၁၀ ပါးအတွက် ခုတင်၊ မွေ့ရာ၊ ဗီရို ၁၀ စုံ၊ သံဃာစာကြည့်ခန်းတစ်ခန်းနှင့် ဘုရားခန်းအတွက် မတည်အလှူငွေကျပ် စုစုပေါင်း ကျပ်သိန်း ၁၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

အထက(၃) ကမာရွတ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၂

အထက(၃)ကမာရွတ် (၁၉၉၁ မှ ၂၀၁၀ ပညာသင်နှစ်) အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို မေ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများမပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်းနေ အဆိုတော်-ရုပ်ရှင်သရုပ်ဆောင် သဇင်၏မွေးနေ့ အထိမ်းအမှတ်အဖြစ် ထာဝရအထွေထွေပဒေသာပင် အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

☆ ရွှေ့ဖုံးမှ

ထို့နောက် ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့၏ ရုံးခန်းများနှင့် ဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မဏိရတနာ ကျောက်စိမ်းခန်းမ ခန်းမအတွင်းအပြင် အချောသပ် တည်ဆောက်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ မြန်မာနိုင်ငံမှ

မြို့ပြလေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လေကြောင်းဘေးအန္တရာယ် ကင်းဝေးစေရေးကဏ္ဍ၊ လေကြောင်းပျံသန်းမှုဆိုင်ရာ လေကြောင်း ဆက်သွယ်ရေးကဏ္ဍ၊ အနာဂတ် လေကြောင်းလမ်းညွှန်မှုစနစ်အတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေ၊ လေယာဉ်များ၏ စက်မှုဆိုင်ရာ နှစ်စဉ်စစ်ဆေးမှု၊ လေယာဉ်ပျံသန်းစစ်ဆေးရေး၊ လေကြောင်းလုံခြုံရေးနှင့်ပြည်တွင်းပျံသန်းလေယာဉ်ကွင်း ၃၂ ကွင်း တိုးချဲ့တည်ဆောက် ပြုပြင်မှုများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဧပြီ ၁၀ ရက် နံနက် ၉ နာရီတွင် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရန်ကုန်ဗဟိုလေကြောင်းထိန်းသိမ်းရေး စခန်းတို့၌ မြန်မာ့လေကြောင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ပြည်ပထွက်ခွာခန်းမနှင့် ဆိုက်ရောက်ခန်းမတို့၌ ပြည်ပထွက်ခွာ/ဆိုက်ရောက် ခရီးသည်များ၏ လုံခြုံရေးစစ်ဆေးခံယူမှု၊ လေကြောင်းလိုင်းကောင်တာများနှင့် လူဝင်မှုကြီးကြပ်ရေးကောင်တာတို့၌ နိုင်ငံကူးလက်မှတ်စစ်ဆေးခံယူမှု၊ ဂျပန်နိုင်ငံမှ Transit ခရီးစဉ်ဖြင့်ရောက်ရှိလာသည့် ခရီးသည်များကို Radiation Monitor ဆောင်ရွက်နေမှု၊ အပ်နှံခရီးဆောင်ပစ္စည်းများကို X-Ray စက်ဖြင့် စစ်ဆေးနေမှုများနှင့် ပြည်တွင်းလေကြောင်းလိုင်းများဖြစ်သည့် Air KBZ, Air Bagan, Air Mandalay နှင့် Asia Wing လေကြောင်းလိုင်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်ဗဟိုလေကြောင်းထိန်းသိမ်းရေးစခန်းနှင့် လေကြောင်းထိန်းသိမ်းရေးမျှော်စင်သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ကြီးက နိုင်ငံတော် ဖွဲ့စည်းပုံဥပဒေတွင်ရှိသော အခြေခံသဘောတရားများ (Basic Concept) များဖြင့် ဝန်ထမ်းအချင်းချင်း၊ ဌာနအချင်းချင်းနှင့် ဝန်ကြီးဌာန အချင်းချင်း အပြန်အလှန် ကူညီဆောင်ရွက်ပေးကြရေး၊ ပြည်သူကိုအလုပ်အကျွေးပြုရသော ဝန်ထမ်းကောင်းများပီပီ ပြည်သူလူထု၏ ဆန္ဒသဘောထားကို အလေးထားပြီး လုပ်ငန်းတာဝန်များကို သွက်လက်မှန်ကန် မြန်ဆန်ထိရောက်စွာ ဆောင်ရွက်ကြရေးတို့ကို ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

ကတညုတာ ဧတံမင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းအောင် ရန်ကုန် ဗဟိုလေကြောင်းထိန်းသိမ်းရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်ထံ ဖျာပုံမြို့နယ် ကနိကျေးရွာ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံအတွက် ယုဇနကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဝဏ္ဏကျော်ထင်ဦးဌေးမြင့် အလှူငွေကျပ် သိန်း ၂၅၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

○ ဖျာပုံမြို့နယ်မှ

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လက်ခံသည်။ ထို့နောက် ယုဇနကုမ္ပဏီက အလှူငွေကျပ်သိန်း ၂၅၀၊ ကနိကျေးရွာ ပရဟိတ ဘုန်းတော်ကြီးကျောင်းဆရာတော်က အလှူငွေကျပ် ၁၁ သိန်း၊ ကနိကျေးရွာမှ ဒေါ်ကြည်ကြည်၊ ဒေါ်ရီရီတို့က ငွေကျပ်တစ်သိန်း၊ ကနိကျေးရွာ ပြည်သူများက ငွေကျပ်ငါးသိန်း ခုနစ်သောင်း စုစုပေါင်း ငွေကျပ် ၂၆၇ သိန်း ခုနစ်သောင်းကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်လုံးချမ်းသာ သာစည်ဘုရားကြီး မြစ်ကမ်းထိန်းသိမ်းရေး ဘိုးပိုင်ရိုက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမသို့ ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပြည်လုံးချမ်းသာ သာစည်ဘုရားကြီး ပြုပြင်မွမ်းမံရေးအတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်မိသားစုက ငွေကျပ်သိန်း ၁၀၀၊ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိသားစုက ငွေကျပ်သိန်း ၂၅၀ ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်း မိသားစုက ငွေကျပ်သိန်း ၅၀၊ ရန်ကုန်မြို့နေ ဦးအောင်ဇော်မြင့်နှင့်ဇနီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင် မိသားစုက ငွေကျပ်သိန်း ၅၀၊ ယုဇနဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်ဦးဌေးမြင့် မိသားစုက ငွေကျပ်သိန်း ၂၀၀၊ ပြည့်ဖြိုးကျော်ကုမ္ပဏီဥက္ကဋ္ဌ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေ မိသားစုက ငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ရာ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၇၀၀ ရရှိသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဧပြီ ၁၀ ရက် မွန်းလွဲပိုင်းတွင် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် မအူပင်-ဆားမလောက်လမ်းဆုံ၌ အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူ ပြုပြင်မွမ်းမံလျက်ရှိသည့် မိုင်တိုင်အမှတ်(၂/၅)နှင့် (၂/၆)အတွင်း စက်ယန္တရားများဖြင့် လမ်းပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့) (မဟာသင်္ကြန်အကြိုနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်းတန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။ ခါသင်္ကြန်အဆိုအကများ
၈း၀၅	၇။ ခါသင်္ကြန်အဆိုအကများ
၈း၄၀	၈။ International News
၈း၄၅	၉။ ခါသင်္ကြန်အဆိုအကများ
၉း၀၀	၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၀	၃။ ခါသင်္ကြန်အဆိုအကများ
၄း၃၀	၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ပြည်သူ့ရေးရာ၊ စီးပွားရေးပညာ အထူးပြုများ)(စီးပွားရေးပညာ)
၄း၄၅	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၀	၆။ သီချင်းကြီးပဒေသာ
၄း၅၅	၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၀၅	၈။ ခါသင်္ကြန်အဆိုအကများ
၅း၁၅	၉။ International Science News
၅း၂၅	၁၀။ ချစ်စရာ့တာသင်္ကြန်
၆း၀၀	၁၁။ ညနေခင်းသတင်း
၆း၁၅	၁၂။ မိုးလေဝသအခြေအနေ
၆း၂၀	၁၃။ ခါသင်္ကြန်အဆိုအကများ
၆း၃၅	၁၄။ မူဟန်သွယ်သွယ်ဆိုကြမယ်
၆း၄၅	၁၅။ ခါသင်္ကြန်အဆိုအကများ
၇း၀၅	၁၆။ ရန်အောင်နှင့် ချစ်သောသင်္ကြန်
၇း၃၀	၁၇။ ခါသင်္ကြန်အဆိုအကများ
၈း၀၀	၁၈။ ပြည်တွင်းသတင်း
	၁၉။ နိုင်ငံတကာသတင်းများ
	၂၀။ မိုးလေဝသအခြေအနေ
	၂၁။ မြန်မာရုပ်ရှင် **“သင်္ကြန်မိုး” (နေအောင်၊ ဇင်ဝိုင်း၊ ဇော်ဝမ်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်) (ဒါရိုက်တာ-မောင်တင်ဦး)**
	၂၂။ အစီအစဉ်ပြီး၏။

ယ နေ့ ဖတ် စ ရာ မှတ် စ ရာ

သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ရာ ဓာတ်အားလိုင်းကို သတိပြုပါ

စာရေးသူသည် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် သတိပြုရမည့် လျှပ်စစ်အန္တရာယ် ဆောင်းပါးကို ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုရက်ပိုင်းအတွင်း သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်လျက်ရှိသည်။ ဧပြီ ၁၀ ရက်က ရန်ကုန်မြို့ရှိ ပုဇွန်တောင်ဈေးသို့သွားရာ အသွားအပြန်လမ်းတစ်လျှောက် သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်နေသည်ကို တွေ့ရသည်။ ကြီးမားသော မဏ္ဍပ်တစ်ခုရှေ့တွင် ရပ်၍ကြည့်မိရာမှ ဤဆောင်းပါးကို ရေးရန် အကြောင်းပေါ်ပေါက်ခဲ့ပါသည်။ အဆိုပါ သင်္ကြန်မဏ္ဍပ်သည် လျှပ်စစ်ဓာတ်အားလိုင်း အောက်တွင်ရှိပြီး အတန်ငယ်မြင့်သဖြင့် ဓာတ်အားလိုင်းနှင့်အလွန်နီးကပ်နေပြီး မဏ္ဍပ်မှာ ဓာတ်တိုင်နှစ်တိုင်အကြား ဆောက်လုပ်နေရာ မဏ္ဍပ်၏ညာဘက်မှာ ဓာတ်တိုင်နှင့် ၁၀ပေခန့်၊ မဏ္ဍပ်၏ဘယ်ဘက်မှာ ဓာတ်တိုင်နှင့် ၁၂ပေခန့်သာ ကွာဝေးပါသည်။ မဏ္ဍပ်၏ညာဘက်ရှိ ဓာတ်တိုင်တွင် ချိတ်သွယ်ထားသော ဆားဗစ်ကြိုးများမှာ မဏ္ဍပ်နှင့်ဓာတ်တိုင်အကြား အစီအရီရှိနေရာ မဏ္ဍပ်အစွန်းနှင့် အလွန်နီးကပ်နေသည်ကို တွေ့မြင်ရပါသည်။

အဆိုပါမြင်ကွင်းမှာ လျှပ်စစ်ရှုထောင့်မှကြည့်ပါက အန္တရာယ်ရှိပါသည်။ ရန်ကုန်မြို့တွင် အထပ်မြင့်တိုက်များ ဆောက်လုပ်ရာ၌ တိုက်များ၏ရှေ့တွင် ဓာတ်အားလိုင်းများ၊ ဓာတ်တိုင်များ၊ ဆားဗစ်ကြိုးများ ရှိရာ ဆောက်လုပ်နေသောတိုက် မြင့်တက်လာသောအချိန်တွင် ဆောက်လုပ်ရေးသုံး သံချောင်းများ၊ သံပန်း၊ သံဆန်ခါများ သယ်ယူရွှေ့ပြောင်းရာ အမှတ်တမဲ့ ဓာတ်အားလိုင်းနှင့် ထိခိုက်မိ၍ ဓာတ်လိုက်ခြင်းများ၊ အင်တင်နာများဓာတ်အားလိုင်းပေါ်သို့ ပြုတ်ကျ၍ ဓာတ်လိုက်ခြင်းများ မကြာခဏ တွေ့ကြုံခဲ့ရပါသည်။

ယခုအခါ မဏ္ဍပ်တိုင်အချို့ ဓာတ်အားလိုင်းနှင့် ထိနေ၍လည်းကောင်း၊ ဓာတ်အားလိုင်းနှင့် မထိသော်လည်း လေတိုက်၍ ဓာတ်ကြိုးများ လှုပ်ရှားခြင်းကြောင့်လည်းကောင်း၊ မဏ္ဍပ်ပေါ်တွင် ကခုန်လှုပ်ရှားခြင်းကြောင့် မဏ္ဍပ်တိုင်များ လှုပ်ခါပြီး ဓာတ်အားလိုင်းရှိ ဓာတ်ကြိုးများနှင့် ထိမိ၍လည်းကောင်း လျှပ်စစ်အန္တရာယ်(ဝါ) ဓာတ်လိုက်မှုအန္တရာယ် ဖြစ်ပေါ်နိုင်ပါသည်။

အလားတူ မဏ္ဍပ်ဆောက်လုပ်သူများ၊ မဏ္ဍပ်ဖျက်သိမ်းသူများ၊ အမိုးအကာနှင့် နဖူးစည်းအလှတပ်ဆင်သူများ၊ အသံချဲ့စက်နှင့် မီးအလှတပ်ဆင်သူများသည် အလုပ်လုပ်ရင်း အမှတ်တမဲ့ ဓာတ်အားလိုင်း(ဝါ)ဓာတ်ကြိုးများနှင့် ထိခိုက်မိ၍ ဓာတ်လိုက်နိုင်ပါသည်။ ဓာတ်အားလိုင်းနှင့်နီးနေသော၊ ဓာတ်အားလိုင်းနှင့် ထိနေသော၊ လိုသည်ထက်ပိုရှည်နေသော တိုင်များကို ဖြတ်သင့်ပါသည်။ ထိုနည်းတူ မဏ္ဍပ်အမြင့်တွင် လုပ်ကိုင်နေရသူများကလည်း ဓာတ်အားလိုင်းရှိ ဓာတ်ကြိုးများနှင့် မထိခိုက်မိရန်၊ မကိုင်တွယ်မိရန် အထူးသတိထားရန် လိုအပ်ပါကြောင်း သတိပေးရေးသားလိုက်ရပါသည်။

မောင်မောင်(လျှပ်စစ်)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။	လက်ဝယ်တွေ့ရှိသူ	-	ထောင်(၁)နှစ်
၂။	ကစားသူ	-	ထောင်(၃)နှစ်
၃။	ထုတ်လုပ်ရောင်းချသူ	-	ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

သတိ

ရန်ကုန်မြို့အတွင်း ဟွန်းမတီးရ

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ဥရောပသမဂ္ဂ လျှော့ချမည်

ဘရပ်ဆဲလ် ဧပြီ ၁၂

မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို ဥရောပသမဂ္ဂ(အီးယူ)က လျှော့ချပေးဖွယ်ရှိကြောင်း အီးယူတာဝန်ရှိသူတစ်ဦးက ဧပြီ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အတွင်းပါဝင်သော အရပ်ဘက်အဖွဲ့ဝင်များအတွက် ပြည်ဝင်ခွင့်ပိတ်ပင်ထားမှုကို ဥရောပသမဂ္ဂက ယာယီဖယ်ရှားလိမ့်မည်ဖြစ်ကြောင်း အမည်မဖော်လိုသူ အီးယူတာဝန်ရှိသူက ဆိုသည်။

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးရေးအတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) နိုင်ငံခြားရေးဝန်ကြီးများက တောင်းဆိုခဲ့ကြပြီးဖြစ်သည်။

နှစ် ၂၀ ကြာကာလအတွင်း ပထမဆုံး ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက မြန်မာနိုင်ငံ၌ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍ အရေးယူပိတ်ဆို့မှုနှင့် ထိတွေ့ဆက်ဆံရေးမူဝါဒနှစ်ရပ်လုံးကို ကိုင်စွဲထားသော အမေရိကန်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြားတွင်မူ အရေးယူပိတ်ဆို့မှုများ လျှော့ပေးမှုကြောင့် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည်။

အေပီ။

အာဖဂန်စစ်ပွဲ၏ အကျိုးဆက်ကြောင့် ပါကစ္စတန်ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ရ

အစ္စလာမ္မာဘတ် ဧပြီ ၁၂

အာဖဂန်စစ်ပွဲကြောင့် ပါကစ္စတန်နိုင်ငံ၏ ပြည်တွင်းရေး မငြိမ်မသက်ဖြစ်ခဲ့ရပြီး ဒီမိုကရေစီစံနှုန်းများ ထိန်းသိမ်းရန် ကြိုးပမ်းမှုများလည်း များစွာ ခရီးဖင့်ခဲ့ရကြောင်း ပါကစ္စတန်သမ္မတ အဆစ်ဖ်အလီဇာဒါရီက ဗြိတိန်နိုင်ငံထုတ် ဂါဒီယန်သတင်းစာသို့ ဧပြီ ၁၀ ရက်က ပြောကြားသည်။

အာဖဂန်နစ္စတန် စစ်ရေးပဋိပက္ခကို အပြီးသတ်နိုင်ရန် ကြိုးပမ်းမှုများ တုံ့နှေးနေမှုနှင့် ပတ်သက်၍ ပါကစ္စတန်တစ်ဝန်းစိုးရိမ်မကင်းဖြစ်လျက်ရှိကြောင်း သမ္မတဇာဒါရီက ဂါဒီယန်သတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်း၌ ပြောကြားခဲ့သည်။

အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)၏ ကြေးစားဝန်ထမ်းတစ်ဦးဖြစ်သည့် ရေမွန်ဒေးဗစ်ဆိုသူက ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို သတ်ဖြတ်မှုကြောင့် တင်းမာခဲ့ရသော ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံအကြား ဆက်ဆံရေးအား ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းစဉ်အတွင်း သမ္မတဇာဒါရီ၏ အာဖဂန်စစ်ပွဲဆိုင်ရာ သဘောထားမှတ်ချက် ပေါ်ထွက်လာခြင်း ဖြစ်သည်။

အာဖဂန်စစ်ပွဲ၏ အကျိုးသက်ရောက်မှုသည် ဒေသတွင်းနိုင်ငံများ အထူးသဖြင့် ပါကစ္စတန်နိုင်ငံကို အကြီးအကျယ်ရိုက်ခတ်နေကြောင်း သမ္မတ ဇာဒါရီ**(အောက်ပုံ)**က ဆိုသည်။

အမေရိကန်နိုင်ငံ ဦးဆောင်သော အာဖဂန်စစ်ပွဲကို ထောက်ခံမိသည့်အဖြစ်ကြောင့် ပြည်တွင်း၌ အစိုးရအဖွဲ့အား လူထုထောက်ခံမှုကျဆင်းနေကြောင်း ပါကစ္စတန်ခေါင်းဆောင်များက ယူဆထားသည်။

ပါကစ္စတန်နိုင်ငံ၏ ထိပ်တန်းအရပ်ဘက်၊ စစ်ဘက်ခေါင်းဆောင်များနှင့် သာမန်ပြည်သူများအကြား၌ အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်များ ကိန်းအောင်းနေဆဲဖြစ်ကြောင်း ပါကစ္စတန်သမ္မတက ပြောကြားသည်။ **အင်တာနက်။**

ဧပြီ ၁၂ ရက်က ဘီလာရုစ်နိုင်ငံ မင့်စ်မြို့တော်ရှိ မြေအောက်ရထားဘူတာရုံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသော အထူးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ဆိုဗီယက်ခေတ်နောက်ပိုင်း ပထမဆုံးဖြစ်ပေါ်သော ဗုံးခွဲတိုက်ခိုက်မှုကို ဘီလာရုစ် စုံစမ်းမှုစတင်

မင့်စ် ဧပြီ ၁၂

ဘီလာရုစ်နိုင်ငံ မင့်စ်မြို့တော်ရှိ မြေအောက်ရထားဘူတာရုံတစ်ခု၌ ဧပြီ ၁၁ ရက် ညနေပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၁၂ ဦးသေဆုံးပြီး ၁၅၀ ခန့် ဒဏ်ရာရခဲ့သည်။

ဗုံးပေါက်ကွဲမှုသည် ဘီလာရုစ်သမ္မတ အလက်ဇန်းဒါးလူကာရှင်ကို၏ သမ္မတရုံးအနီး မြေအောက်ဘူတာရုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းကဲ့သို့ ဗုံးခွဲတိုက်ခိုက်မှုကို မကြုံဖူးသောကြောင့် မင့်စ်မြို့တော်တစ်ခုလုံး တုန်လှုပ်ခဲ့ရသည်။

စတင်ကြိုးပမ်း

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုကို အကြမ်းဖက်မှုအဖြစ် ဘီလာရုစ်အာဏာပိုင်များက သတ်မှတ်ခဲ့ပြီး ယင်းတိုက်ခိုက်မှု၏ နောက်ကွယ်တွင် ပါဝင်သူများကို ဖော်ထုတ်နိုင်ရန် အင်္ဂါနေ့တွင် စတင်ကြိုးပမ်းနေပြီဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူ ၁၄၉ ဦးသည် ဆေးကုသမှုခံယူရန် လိုအပ်ပြီး ၎င်းတို့အနက် ၂၀ မှာ အခြေအနေ စိုးရိမ်ရကြောင်း ဘီလာရုစ်အာဏာပိုင်များက ပြောကြားသည်။

စုံစမ်းစစ်ဆေး

မင့်စ်မြို့တော် မြေအောက်ရထားဘူတာ ဗုံးခွဲတိုက်ခိုက်ခံရမှုကို ဘီလာရုစ်တရားသူကြီးချုပ်ရုံးက အကြမ်းဖက်ဝါဒဆိုင်ရာ ဥပဒေနှင့်အညီ စုံစမ်းစစ်ဆေးမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ဗုံးဖောက်ခွဲရာတွင် အသုံးပြုသော ဖောက်ခွဲရေးပစ္စည်းတွင် သံမဏိဘောစေ့များနှင့် ငါးကီလိုဂရမ်မှ ခုနစ်ကီလိုဂရမ်ထိရှိနိုင်သော တီအင်တီ ယမ်းဘီလူးများ ပါဝင်ကြောင်း၊ ယင်းဖောက်ခွဲရေးပစ္စည်းကို ဘူတာရုံလူသွားလမ်းရှိ ခုံတန်းရှည်တစ်ခုအောက်၌ သိုဝှက်ထားခဲ့ပုံရကြောင်း ဘီလာရုစ်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုသည် ဆိုဗီယက်ပြည်ထောင်စုခေတ်အလွန် ဘီလာရုစ်နိုင်ငံ၌ ပထမဆုံးဖြစ်ပေါ်ခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ယူဆရဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အေအက်ဖ်ပီ။

ဩစတြေးလျအမျိုးသမီးများ တိုက်ခိုက်ရေးတာဝန် ထမ်းဆောင်ခွင့်ရဖွယ်ရှိ

ဆစ်ဒနီ ဧပြီ ၁၂

စစ်မက်ဖြစ်ပွားပါက ရှေ့တန်းစစ်မြေပြင်၌ တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ခွင့်ကို ဩစတြေးလျအမျိုးသမီးများ မကြာမီရလာနိုင်ကြောင်း ဩစတြေးလျကာကွယ်ရေးဝန်ကြီး စတီဖန်စမစ်က အင်္ဂါနေ့တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံ၌ အမျိုးသမီးများသည် စစ်ဘက်ဆိုင်ရာ နေရာဌာနအမျိုးမျိုး၌ တာဝန်ထမ်းဆောင်ခွင့်ရသော်လည်း ခြွင်းချက်အနေဖြင့် အထူးတပ်ဖွဲ့များနှင့် ရှိင်ဖယ်တပ်ဖွဲ့များ အပါအဝင် ဘေးအန္တရာယ်အရှိဆုံးနှင့် လိုအပ်ချက် အများမြောင်ဆုံးတပ်ဖွဲ့များ၌ တာဝန်ထမ်းဆောင်ခွင့် မရှိပေ။

ပုရိသများသာ လွှမ်းမိုးထားသော စစ်ဘက်ယဉ်ကျေးမှုကို ပြောင်းလဲရန် ကြိုးပမ်းသည့်အနေဖြင့် တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်ရမည့်သူများအား လိင်ကွဲပြားမှုကို အခြေခံခြင်းမရှိဘဲ စိတ်ပိုင်းရုပ်ပိုင်း စွမ်းဆောင်မှုကိုသာ အခြေခံ၍ သုံးသပ်ရွေးချယ်သင့်ကြောင်း စတီဖန်စမစ်က သတင်းထောက်များအား ပြောကြားသည်။

လိင်ကွဲပြားမှုကို အကြောင်းပြု၍ အမျိုးသမီးများ စစ်ရေးတာဝန်ထမ်းဆောင်ခွင့် ပိတ်ပင်မှုမျိုး မလုပ်သင့်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် ဂျူလီယာဂေးလ်လာဒ်က ပြောကြားခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အမျိုးသမီးများကို တိုက်ခိုက်ရေးတာဝန်ထမ်းဆောင်စေခြင်းသည် လက်တွေ့မကျကြောင်း ဩစတြေးလျနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုခမိန်အဖွဲ့က ပြောကြားသည်။

က္ကတ္တိယဝါဒီအချို့၏ မလိုအပ်သော ရေးကြီးခွင်ကျယ်လုပ်မှုတို့ကြောင့် စစ်ပွဲများ၏ သဘာဝသည် ပြောင်းလဲမည်မဟုတ်ကြောင်း သုခမိန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

အေအက်ဖ်ပီ။

သဘာဝလွန် ယုံကြည်မှုကြောင့် ကိုယ့်မြေးရင်းကို ကိုယ်ပြန်သတ်မိ

ပေကျင်း ဧပြီ ၁၂

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်စီပြည်နယ်၌ အမျိုးသမီးတစ်ဦးသည် ၎င်း၏မြေးရင်း လသားအရွယ်ကလေးတစ်ဦးကို ရေတွင်းထဲသို့ ပစ်ချသတ်ဖြတ်ခဲ့ကြောင်း တရုတ်နိုင်ငံပိုင် သတင်းဌာနတစ်ခု၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ယနေ့ သတင်းများတွင် ဖော်ပြသည်။

မြေးငယ်ကို သတ်ဖြတ်ခဲ့သူ ယိုအမည်ရှိ တရုတ်အမျိုးသမီးသည် ရှန်စီပြည်နယ် နန်ချန်းမြို့၌ နေထိုင်သူတစ်ဦးဖြစ်သည်။

တရုတ်နက္ခတ်ဗေဒင်ဆရာတစ်ဦးက ကလေး၏ မွေးနက္ခတ်သည် အခြားမိသားစုဝင်များ၏ မွေးနက္ခတ်နှင့် မသင့်မြတ်ကြောင်း အဟောထုတ်ခဲ့ပြီးနောက် ယိုသည် ၎င်း၏ မြေးရင်းကို သတ်ဖြတ်ရန် ဆုံးဖြတ်ခဲ့သည်ဟု ဆိုသည်။

ချွေးမဖြစ်သူက ကလေး၏ကိုယ်ဝန်ကို လွယ်ထားစဉ်အတွင်းကပင် ယိုသည် ချွေးမ၏ကိုယ်ဝန်ပျက်ကျစေရန် ကြိုးပမ်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုကလေးကို ဇန်နဝါရီလအတွင်း မွေးဖွားခဲ့ပြီးနောက် ယိုသည် ချွေးမ မရှိသည့်အခိုက် ကလေးကိုယူဆောင်ကာ ရေတွင်းထဲသို့ ဧပြီ ၆ ရက်တွင် ပစ်ချခဲ့ကြောင်း နန်ချန်းမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

မြေးငယ်ကို သတ်ဖြတ်ပြီးနောက် နှစ်ရက်ကြာမျှ ပျောက်နေသော ယိုကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပြီး ဖမ်းဆီးနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် နှစ် ၃၀ ကာလအတွင်း လျင်မြန်စွာ ခေတ်မီတိုးတက်ခဲ့သော်လည်း ဝေးလံသော နယ်စွန်နယ်ဖျားဒေသများ၌ ရိုးရာအစွဲအလမ်းများနှင့် သဘာဝလွန်ကိစ္စရပ်များကို လက်ခံယုံကြည်ကြဆဲ ဖြစ်သည်။

အေအက်ဖ်ပီ။

တာလီဘန် အာဏာပါးကွက်သား အာဖဂန်ထောက်လှမ်းရေး ဖမ်းဆီး

ကဘူး ဧပြီ ၁၂

တာလီဘန်အဖွဲ့၏ကိုယ်စား အများရှေ့မှောက်၌ ရက်စက်သောနည်းလမ်းများဖြင့် သေဒဏ်ပေးမှုများကို လုပ်ဆောင်ခဲ့သူ တာလီဘန်အာဏာပါးကွက်သားတစ်ဦးကို မိမိထောက်လှမ်းရေးသမားများက ဖမ်းဆီးနိုင်ခဲ့ကြောင်း အာဖဂန်ထောက်လှမ်းရေး အေဂျင်စီက အင်္ဂါနေ့တွင် ပြောကြားသည်။

တာလီဘန်အာဏာပါးကွက်သား၏ အမည်မှာ မူလာဂျူမာဆိုသူဖြစ်ပြီး ၎င်းသည် တာလီဘန်တို့၏စွပ်စွဲမှုအရ အမေရိကန် ဦးဆောင်သောတပ်ဖွဲ့များကို ပူးပေါင်းဆောင်ရွက်ခဲ့သည်ဆိုသော လူသုံးဦးကို အများရှေ့မှောက်၌ သေဒဏ်ပေးစီရင်ရာတွင် ပါဝင်ခဲ့သူဖြစ်ကြောင်း အာဖဂန်အမျိုးသားလုံခြုံရေး ညွှန်ကြားမှုဌာနက ပြောကြားသည်။

တာလီဘန်အာဏာပါးကွက်သား ဂျူမာ

၂၀၀၉ ခုနှစ်မှစတင်၍ ဟဲလ်မန်ပြည်နယ်၌ တာလီဘန်အဖွဲ့၏ အာဏာပါးကွက်သားအဖြစ် တာဝန်ယူခဲ့ကြောင်း မူလာဂျူမာက ဝန်ခံပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန်ပြည်နယ်၌ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များကို ကူညီခဲ့သည်ဟူသော စွဲချက်ဖြင့် အာဖဂန်ရဲတပ်ဖွဲ့ဝင်သုံးဦးအား သေဒဏ်စီရင်ခဲ့ရာတွင် မိမိနှင့်အတူ အကူနှစ်ဦးလည်းပါဝင်ကြောင်း ဂျူမာက ဝန်ခံခဲ့သည်။ **အင်တာနက်။**

အမေရိကန်ရေတပ်မှ စစ်သင်္ဘောတစ်စင်း လေဆာလက်နက် စမ်းသပ်ပစ်ခတ်မှုလုပ်ဆောင်

နယူးယောက် ဧပြီ ၁၂

အမေရိကန်ရေတပ်က ၎င်း၏ ရေတပ်သင်္ဘောတစ်စင်းမှနေ၍ လေဆာလက်နက်ပစ်ခတ်စမ်းသပ်မှုကို ပထမဆုံးအကြိမ် လုပ်ဆောင်ခဲ့ကြောင်း ဧပြီ ၁၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

ယင်းသို့ လေဆာလက်နက်ပစ်ခတ်စမ်းသပ်ရာတွင် သုတေသနပညာရှင်များသည် စွမ်းအင်မြင့် လေဆာရောင်ခြည် (အိတ်ချ်အီးအယ်လ်) ကို အသုံးပြု၍ ကာလီဖိုးနီးယား ကမ်းလွန်ရေပြင်ရှိ ရေယာဉ်ငယ်တစ်စင်း၏ အင်ဂျင်စက်အား ပစ်ခတ်ခဲ့ရာ အင်ဂျင်မီးလောင်၍ ရေယာဉ်ငယ်မှာ ဆက်လက်မောင်းနှင်နိုင်စွမ်းမရှိခဲ့ပေ။



အမေရိကန်ရေတပ်သင်္ဘောတင် လေဆာသေနတ်။

လေဆာလက်နက်စမ်းသပ်ပစ်ခတ်မှုအား ယခင်က ကုန်းမြေပေါ်၌ လုပ်ဆောင်ဖူးသော်လည်း ရေငွေ့ပါဝင်သော ပင်လယ်လေများကြောင့် လေဆာရောင်ခြည်တန်း၏ စွမ်းရည်ယုတ်လျော့ခဲ့သည်ကို သုတေသနပညာရှင်များက တွေ့ရှိခဲ့သည်။ သင်္ဘောတင် လေဆာလက်နက်သည် သင်္ဘောကြီးများကို ရေယာဉ်ငယ်များဖြင့် တိုက်ခိုက်မှုမှ ဟန့်တားကာကွယ်နိုင်ကြောင်း အမေရိကန်ရေတပ်က ပြောကြားသည်။

လေဆာရောင်ခြည်လွှတ်ထုတ်နိုင်သော ကိရိယာငယ်အများအပြားကို ပေါင်းစပ်ထားသည့် စုစည်းအခြေရှိ လေဆာရောင်ခြည်များကို သိပ္ပံပညာရှင်များက မကြာသေးမီက တည်ဆောက်ဖန်တီးခဲ့ကြသည်။ စွမ်းရည်မြင့်လေဆာရောင်ခြည် (အိတ်ချ်အီးအယ်လ်)ကို ဒုံးကျည်များပစ်ချရန်နှင့် မြေပြင်ပစ်မှတ်များအား ထိုးနှက်တိုက်ခိုက်ရန်ရည်ရွယ်၍ တည်ဆောက်ဖန်တီးခဲ့သည်။ **အင်တာနက်။**

အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)၏အခန်းကဏ္ဍ လျှော့ချပေးရန် ပါကစ္စတန်နိုင်ငံ အစိုးရတာဝန်ရှိသူများ တောင်းဆို

ဝါရှင်တန် ဧပြီ ၁၂

ပါကစ္စတန်နိုင်ငံအတွင်း အလုပ်လုပ်ကိုင်နေကြသော အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ) စုံထောက်များနှင့် အထူးစစ်ဆင်ရေးလုပ်ငန်းဆိုင်ရာ တပ်ဖွဲ့ဝင်များ၏အရေအတွက်ကို သိသိသာသာလျှော့ချပေးရန် ပါကစ္စတန်အစိုးရက တောင်းဆိုလိုက်ကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာက ယနေ့ရေးသားဖော်ပြသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ စစ်သွေးကြွများအား စီအိုင်အေက မောင်းသူမဲ့လေယာဉ် များအသုံးပြုကာ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်နေခြင်းကိုလည်း ဆိုင်းငံ့ပေးရန် ပါကစ္စတန်အစိုးရက တိုက်တွန်းသည်။

ဆွေးနွေး

ပါကစ္စတန်ထောက်လှမ်းရေးဌာန အကြီးအကဲ ရှူဂျာပါရှားသည် စီအိုင်အေညွှန်ကြားရေးမှူး လီယွန်ပါနက်တာနှင့် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ စီအိုင်အေဌာနချုပ်တွင် ဧပြီ ၁၁ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

စီအိုင်အေနှင့် ပါကစ္စတန်ထောက်လှမ်းရေးဌာနတို့အကြား သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်မှုတိုးမြှင့်ပြုလုပ်ကြရန် သဘောတူညီခဲ့ကြသည်။

ပါကစ္စတန်နိုင်ငံ၌ စီအိုင်အေအရာရှိများ၊ ကန်ထရိုက်လုပ်ငန်းရှင်များနှင့် အထူးစစ်ဆင်ရေးလုပ်ငန်းဆိုင်ရာ တပ်ဖွဲ့ဝင် ၃၃၅ဦးခန့်ရှိပြီး ၎င်းတို့အနေဖြင့် ပါကစ္စတန်နိုင်ငံမှ ထွက်ခွာသွားရန် တိုက်တွန်းထားကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာက ရေးသားသည်။



ပါကစ္စတန်နယ်စပ်ဒေသ၌ လုံခြုံရေးစောင့်ကြပ်နေသော တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန်နိုင်ငံအတွင်း အမေရိကန်က သူလျှိုလုပ်ငန်းကို လွတ်လပ်စွာ ပြုလုပ်နေသည်ဟု ပါကစ္စတန်တာဝန်ရှိသူများက အပြစ်တင်ပြောဆိုခဲ့ကြသည်။ **အင်တာနက်။**

လူမဲ့လေယာဉ်မှားယွင်းပစ်ခတ်မှု အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကဘူး ဧပြီ ၁၂

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းက အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းသည် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို မှားယွင်းပစ်ခတ်ခဲ့သည်ဟု ယူဆရကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါမှားယွင်းပစ်ခတ်မှုကို စုံစမ်းစစ်ဆေးလျက်ရှိရာ မှန်ကန်ကြောင်း အတည်ပြုချက်ရရှိပါက မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရခြင်းမှာ ရှားပါးသောဖြစ်ရပ်တစ်ခုဖြစ်သည်။

တာလီဘန်သောင်းကျန်းသူများကို မောင်းထုတ်ရန် အမေရိကန်တပ်ဖွဲ့များ ကြိုးစားနေသည့် ဟဲလ်မန်းပြည်နယ်အတွင်း၌ ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်မောင်းသူမဲ့လေယာဉ်များသည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ စစ်သွေးကြွများဟု သံသယရှိသူများကို ပစ်မှတ်ထား၍ မကြာခဏတိုက်ခိုက်လျက်ရှိသည်။

ယင်းသို့တိုက်ခိုက်ခြင်းကြောင့် မကြာသေးသောနှစ်များအတွင်းတွင် အရပ်သားရာပေါင်းများစွာ သေဆုံးခဲ့ကြရကြောင်း ဝေဖန်သူများက ထောက်ပြသည်။

အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်က ထိုဖြစ်ရပ်ကို ဝေဖန်ချက်မပေးသော်လည်း စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ပြောကြားသည်။ **အင်တာနက်။**

ကြက်သွန်ဖြူစိုက်ခင်းအတွင်း ဝှက်ထားသော ငွေများကို တောင်ကိုရီးယားရဲတပ်ဖွဲ့က သိမ်းဆည်း

ဆိုးလ် ဧပြီ ၁၂

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ဂျင်ယီမြို့၌ ကြက်သွန်ဖြူစိုက်ခင်းအတွင်း မြေအောက်တွင် ပလတ်စတစ်အိတ်များဖြင့် သိုဝှက်ထားသော ဝမ်ငွေ ၁၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁ သန်း)ကို ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ကြောင်း တာဝန်ရှိသူများက ဧပြီ ၁၂ ရက်တွင် ပြောကြားကြသည်။

အင်တာနက်မှတစ်ဆင့် လောင်းကစားလုပ်ငန်းလုပ်ကိုင်သော ညီအစ်ကိုနှစ်ဦးသည် ကြက်သွန်ဖြူစိုက်ခင်းအတွင်း ငွေများကို သိုဝှက်ထားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ညီအစ်ကိုနှစ်ဦးအနက် တစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး တစ်ဦးမှာမူ ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်သည်။

ငွေများကို သိုဝှက်ပေးခဲ့သူမှာ လီဆိုသူဖြစ်ပြီး အဖမ်းခံရသူနှင့် ယောက်ဖတော်စပ်သူဖြစ်သည်။

လီသည် ၎င်းသိုဝှက်ပေးခဲ့သည့် ငွေများအနက်မှ ဝမ်ငွေ သန်း ၄၀၀ခန့်ကို နောက်ပိုင်း၌ ပြန်လည်တူးဖော်ယူခဲ့ပြီး ကိုယ်ကျိုးအတွက် သုံးစွဲခဲ့သည်။ ရဲတပ်ဖွဲ့သည် လီအား ဖမ်းဝရမ်းထုတ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ **အင်တာနက်။**

အတ်ရှ်ရပ်စခန်းကို ပိတ်ဆို့ထားသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန် ပြည်ပြေးအဖွဲ့ အီရတ်မှ ထွက်ခွာရမည်ဆို

ဘဂ္ဂဒက် ဧပြီ ၁၂

အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့သော အီရန်ပြည်ပြေးအုပ်စုသည် ယခုနှစ်ကုန်တွင် နိုင်ငံအတွင်းမှ ထွက်ခွာသွားကြရမည်ဖြစ်ကြောင်း အီရတ်အစိုးရက အင်္ဂါနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်၏တောင်ဘက်၌ တည်ရှိသည့် အီရန်ပြည်သူ့မူဂျာဟစ်ဒင်အဖွဲ့ (ပီအမ်အိုအိုင်)၏ အတ်ရှ်ရပ်စခန်းမှ ၎င်းအဖွဲ့ဝင်တို့ကို နည်းလမ်းအားလုံးအသုံးပြု၍ မောင်းထုတ်မည်ဖြစ်ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

သို့သော်လည်း ၎င်းတို့ကို အီရန်နိုင်ငံသို့ ပြန်ပို့မည်မဟုတ်ဘဲ တတိယနိုင်ငံတစ်နိုင်ငံသို့ ပို့ပေးမည်ဖြစ်သည်ဟု အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။

ဧပြီ ၁၂ ရက်နေ့က အတ်ရှ်ရပ်စခန်းကို တိုက်ခိုက်ရာတွင် ၃၄ ဦးသေဆုံး၍ လူ ၃၀၀ ဒဏ်ရာရရှိကြောင်း ပီအမ်အိုအိုင်၏ နိုင်ငံရေးအဖွဲ့က ပြောကြားသည်။

အစိုးရတာဝန်ရှိသူများက သုံးဦးသာသေဆုံးခဲ့ကြောင်း ပြောကြားသော်လည်း ဆေးရုံမှ ဆရာဝန်များကမူ အနည်းဆုံး ၁၀ ဦး သေဆုံးခဲ့သည်ဟု ပြောသည်။ ပီအမ်အိုအိုင်အဖွဲ့ကို မူဂျာဟစ်ဒင်အီခါလက်အဖွဲ့ဟု လူသိများပြီး အမေရိကန်ပြည်ထောင်စုနှင့် အီရန်ကအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည်။

အဆိုပါစခန်းကို အီရတ်နိုင်ငံအတွင်း၌ ၁၉၈၀ ခုနှစ်များအတွင်းက တည်ဆောက်ခဲ့ပြီး ထိုစဉ်က သမ္မတဖြစ်သူ ဆက်ဒမ်ဟူစိန်က ကြိုဆိုခဲ့သည်။ ယင်းအဖွဲ့ကို ဆက်ဒမ်ဟူစိန်က ရန်ပုံငွေထောက်ပံ့၍ လက်နက်တပ်ဆင်ပေးခဲ့သည်။ **အင်တာနက်။**

လူသားစားမှုဖြင့် ပါကစ္စတန်နိုင်ငံသားညီနောင်နှစ်ဦး တရားစွဲခံရ

ပတ်ရှ်ဝါ ဧပြီ ၁၂

လူသားစားမှုဖြင့် စွပ်စွဲခံထားရသော ပါကစ္စတန်နိုင်ငံသား ညီနောင်နှစ်ဦးကို ပါကစ္စတန်တရားရုံးတစ်ရုံးက တရားစွဲဆိုခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သုသာန်တစ်ခုမှခိုးယူလာသော ရုပ်အလောင်းတစ်လောင်းကို ဟင်းလျာအဖြစ် လှီးဖြတ်ခုတ်ထစ်နေစဉ် ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ပြီးနောက် အာရစ်ဖ်အလီနှင့် ဖာမန်အလီအမည်ရှိ ညီအစ်ကိုနှစ်ဦးကို ဧပြီ ၆ ရက်က တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ပန်ဂျပ်ပြည်နယ် ဆာဂိုဒါးမြို့တော်ရှိ သုသာန်တစ်ခုအတွင်းမှ လောလောလတ်လတ်မြှုပ်နှံထားသော အမျိုးသမီးတစ်ဦး၏ ရုပ်အလောင်းပျောက်ဆုံးသွားသည်ကို သိရှိခဲ့ပြီးနောက် ပါကစ္စတန်ညီနောင်တို့၏ လူသားစားမှုပေါ်ပေါက်လာခြင်း ဖြစ်သည်။

၎င်းညီနောင်နှစ်ဦးတို့ကို အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုထားကြောင်း ၎င်းတို့ကို ဆာဂိုဒါမြို့ တရားရုံးတွင် ရုံးထုတ်စစ်ဆေးမည်ဖြစ်ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကင်ဆာရောဂါဖြင့် သေဆုံးခဲ့သော အသက် ၂၄ နှစ်အရွယ် အမျိုးသမီး ရုပ်အလောင်း၏ အခြားအစိတ်အပိုင်းများကို အဆိုပါညီအစ်ကိုနှစ်ဦး၏နေအိမ်၌ ပြန်လည်တွေ့ရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အာရစ်ဖ်နှင့် ဖာမန်အလီညီအစ်ကိုနှစ်ဦးတို့သည် ပန်ဂျပ်ပြည်နယ်နှင့် ခိုင်ဘာပွတ်ခ်တွန်ဝါ ပြည်နယ်နှစ်ခုအကြား နယ်ခြားမြို့ဖြစ်သော ဒါယာခန်မြို့၌ နေထိုင်သည့် မြေရှင်ငယ်များဖြစ်ကြသည်။

ထိုညီအစ်ကိုနှစ်ဦးသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုများဖြစ်ပေါ်နေဖွယ်ရှိကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားခဲ့သော်လည်း လူသားစားမှုဖြင့် အဘယ်ကြောင့် အရေးယူခဲ့သည်ကို ထုတ်ဖော်ရှင်းလင်းခြင်းမရှိပေ။

အဆိုပါ ညီအစ်ကိုနှစ်ဦးသည် လူသားမစားခင် မြို့တွင်းရှိခွေးများကို သတ်ဖြတ်စားသုံးခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ အင်အားပြင်းငလျင် ထပ်မံလှုပ်ခတ်

တိုကျို ဧပြီ ၁၂

မတ်လ ၁၁ ရက် ငလျင်နှင့် ဆူနာမီရေလှိုင်းဒဏ်ကြောင့် ပေါက်ကွဲပျက်စီးခဲ့ရသော ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံအနီး၌ အင်္ဂါနေ့က အင်အားပြင်းထန်သော ငလျင်တစ်ခု လှုပ်ရှားခဲ့ရာ တိုကျိုမြို့တော်အတွင်းရှိ အဆောက်အအုံများလည်း လှုပ်ခါခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီအန္တရာယ် သတိပေးချက်ထုတ်ပြန်ခဲ့ခြင်းမရှိသလို ထိခိုက်ဒဏ်ရာရရှိမှုလည်း မရှိကြောင်း သိရသည်။

မတ် ၁၁ ရက်က အင်အား ရစ်ချ်တာစကေး ၉ ဒသမ သုညအဆင့်ရှိငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် နောက်ဆက်တွဲ ငလျင်ပေါင်းများစွာသည် ရက်သတ္တပတ်ပေါင်းများစွာ ဆက်လက်လှုပ်ခတ်နိုင်မည်ဟု မျှော်လင့်ရကြောင်း၊ သို့ရာတွင် အင်အားပြင်းထန်မှုနှင့် လှုပ်ခတ်မှုကြိမ်ရေ တဖြေးဖြေးလျော့နည်းလာမည်ဖြစ်ကြောင်း ငလျင်ဗေဒပညာရှင်တို့က ပြောကြားသည်။

ရစ်ချ်တာစကေး ၆ ဒသမ သုံးအဆင့်ရှိသော ယင်းငလျင်ကြောင့် ဖူကူရှီးမားဒိုင်အိချိ နျူစက်ရုံ **(အောက်ပုံ)**၏ အပူချိန်လွန်ကဲမြင့်တက်နေသော ဓာတ်ပေါင်းဖိုများကို ထိန်းချုပ်ရန် ကြိုးပမ်းနေသည့် ဝန်ထမ်းများအား လုံခြုံရာသို့ရှောင်ရှားရန် ညွှန်ကြားချက်ထုတ်ထားကြောင်း သိရသည်။

ဂျပန်နျူကလီးယားကပ်ဘေး၏ အန္တရာယ်အဆင့်ကို အဆင့် ၇ ထိ မြှင့်တင်ထားခဲ့ရာ ကမ္ဘာ့အဆိုးဝါးဆုံး နျူကလီးယားကပ်ဘေးဖြစ်သော ချာနိုဘိုင်းလ် နျူဓာတ်ပေါင်းဖိုပေါက်ကွဲမှု အန္တရာယ်အဆင့်နှင့် တူညီသလောက်ရှိခဲ့ပြီဖြစ်သည်။ ***အေပီ။***

လတန်ခူး၊ နှစ်သစ်ကူးနှင့် ရွှေကံ့ကော်

တက္ကသိုလ်တင်လက်ကျာ

အထောက်ကတဲ့ မတန်။
ရွှေကံ့ကော် ဇမ္ဗူကျူးလို့
ကြူဆုံးတသိန် တင့်ပါဘိ
ပန်းမင့်လွတ်စံ။
မိဿဘုံ
ဂဠုန်ကူးတွင်မှ
ကြံ့ဘူးလေ့ဖြစ်ဟန်
ရစ်တံပိုင့်ဆင်တော်နဲ့။
ချိန်ခါနွေ
ဣန္ဒာဆွေ ဘုပတိသော်မှ
ပူမိရင် ဘယ်ဖြေနိုင်လိမ့်
ခြယ်ရွှေစိုင် နေရုလေးနှင့်
ရာဇူမှာ-သာပြုသေးချည်ငဲ့
ဆွေးတော်ညှံ့ပဲ။ ။

စာရေးသူသည် မြန်မာ့နှစ်သစ်ကူး တန်ခူးလရောက်တိုင်း ရှေးစာဆိုရှင် ဦးကြော့၏ ပိတောက်နံ့သင်းသည့် ပန်းပိတောက်မင်းကဗျာနှင့်အတူ အထက်ဖော်ပြပါ ရှေးစာဆိုရှင် ဆရာကြီးဦးကြင်ဥ၏ လတန်ခူးကဗျာလေးအား နွေရာသီတွင်ပွင့်လေ့ရှိသည့် ကံ့ကော်ပန်းသင်းရနံ့လေးနှင့်အတူ ရှုရှိုက်လျက် ရေရွတ်မိပါသည်။

တန်ခူးလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ပထမဦးဆုံးလဖြစ်ပြီး နှစ်ကူးသင်္ကြန်ပွဲကို ရေကစားခြင်းဖြင့် ကျင်းပလေ့ရှိကြပါသည်။ ဤတန်ခူးလသည် မိဿရာသီဖြစ်သည်။ စိတ္တရကြယ် ထွန်းလင်းသည်။ ကံ့ကော်၊ ရင်ခတ်ပန်းတို့ ဖူးပွင့်ကြသလို ပိတောက်၊ ငုနှင့် ပျဉ်းမတို့မှာလည်း လတန်ခူး၏ သင်္ကြန်ပွဲအား အလှဆင်လျက်ရှိပါသည်။ မြန်မာတို့အဖို့ ရှေးအစဉ်အဆက် ပိတောက်ပန်းသည် သင်္ကြန်၏အထိမ်းအမှတ်ဖြစ်သည့်နည်းတူ နှစ်သစ်ကူးတွင် လူသားအားလုံးအတွက် ကံကောင်းစေမည့် ကံ့ကော်ပန်းသည်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် နိမိတ်ကောင်းတစ်ခုပင်ဖြစ်ပေသည်။ ထို့ကြောင့် ပန်းတကာတို့၏မင်းနှင့်တူသော ရွှေဝတ်မှုန်အရောင်အဆင်းရှိသည့် ကံ့ကော်ပန်းကိုဖွဲ့ဆိုသည့် ဆရာကြီးဦးကြင်ဥ၏ ဤလတန်ခူးကဗျာလေးဖြင့် မြန်မာ့တာသင်္ကြန်ကို နှုတ်ခွန်းဆက်လိုက်ရပါသည်။

လတန်ခူးကဗျာ၏ စကားပြေမှာ “တန်ခူးလသည် အခြားလများနှင့် နှိုင်းယှဉ်စရာ၊ ဘက်ပြိုင်စရာ လွတ်ကင်း၍နေပါသည်။ ဤလတွင် ပန်းတကာတို့၏ မင်းနှင့်တူသော ရွှေရောင်အဆင်းရှိသည့် ကံ့ကော်ပန်းတို့သည် အခြားပန်းများ၏ အလေးအမြတ်ပြုမှုကိုခံယူရင်း ပန်းဘုရင်ဧကရာဇ် ပြုလျက်နေပါသည်။ ဤပန်းကလေးများ၏ သင်းရနံ့မှာ တစ်ခါတစ်ရံမျှ မွှေးကြူရှုရှိုက်လိုက်ရလျှင်ပင် အလွန်မွှေးသဖြင့် အခြားပန်းများနှင့် မယှဉ်နိုင်ပါ။ တန်ခူးလတည်းဟူသော မိဿရာသီသို့ ဂဠုန်တည်းဟူသော တနင်္ဂနွေဂြိုဟ် (ဝါ)နေမင်းကြီးသည် မိန်ရာသီဖြစ်သော တပေါင်းလမှကူးပြောင်းသွားသဖြင့် ဤအချိန်အခါ၌ အာကာဝေဟင် ကောင်းကင်ပြင်တစ်ခုလုံးသည် ရက်ကန်းစင်မှ အဆင်ခွဲသောယာဉ်ရစ်တံကဲ့သို့ အရောင်မျိုးစုံနှင့် တန်ဆာဆင်နေသော တိမ်များဖြင့် တောက်ပလျက်နေပေတော့သည်။ ဤအချိန်အခါ၌ အဆိုပါ ရှုခင်းတို့ကိုမြင်ရလျှင် လူကိုမဆိုနှင့်ဦး နတ်တို့ကိုအစိုးရသော သိကြားမင်းကြီးပင်လျှင် ပူဆွေးတမ်းတ လွမ်းလျဖြေဆည်နိုင်ပေလိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်၏အဆွေးကို ပြောပြရမည်ဆိုလျှင် မြတ်သောရွှေစိုင်အတိဖြစ်၍ ရွှေဖြင့်ခြယ်လှယ်ထားသော မြင်းမိုရ်တောင်ကြီးကိုအလေးပြု၍ ရာဇူဟုခေါ်သော ချိန်ခွင်ကြီးထဲတွင် ထိုအလေးကို တစ်ဖက်ကထည့်ကာ အခြားတစ်ဖက်ကမူ ကျွန်ုပ်၏အဆွေးကိုထည့်၍ ချိန်ကြည့်မည်ဆိုပါလျှင် ကျွန်ုပ်၏အလွမ်းအဆွေးဘက်သို့သာ ရာဇူ၏လျှာက ပိုထွက်လာကြောင်းကို ပြ၍လာပါလိမ့်မည်”ဟူ၍ဖြစ်ပေသည်။

ကံ့ကော်(Mesua ferrea Linn)

ကံ့ကော်ပင်၏ ရုက္ခဗေဒအမည်မှာ မက်ဆူရာဖဲရီးယာလင်း ဖြစ်သည်။ ကံ့ကော်ပင်များသည် အာသံပြည်နှင့် မြန်မာနိုင်ငံရှိ အမြဲစိမ်းတောများမှ အပင်ကြီးတစ်မျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် အထူးသဖြင့် အထက်မြန်မာနိုင်ငံနှင့် တနင်္သာရီတိုင်းဒေသကြီး၌ အပေါက်များသည်။ ပေ ၈၀မှ ၉၀ အထိမြင့်၍ ပင်စည်လုံးပတ်မှာ ရှစ်ပေမှ ၁၀ ပေအထိ ရှိတတ်သည်။ ကံ့ကော်ရွက်နုများမှာ နီကျင့်ကျင့်ရောင်ရှိသည်။ ကံ့ကော်သား၏အရောင်မှာ နီညစ်ညစ်ရှိ၍ အလွန်မာကျောလေးလံပြီး ကြာရှည်ခံသည်။ ကံ့ကော်သားသည် ခြမစားတတ်သည့်အပြင် ခြောက်သွားသောအခါ အသုံးပြုဖို့ ပြုပြင်ရန်ခဲယဉ်းသည်။ မာကျောခိုင်ခံ့သဖြင့် ကံ့ကော်သားကို တံတား၊ မီးရထားလမ်း ဇလီဖားတုံး၊ ရေတွင်းဘောင်၊ ဓားရိုး၊ လှံရိုး၊ သေနတ်ပြောင်းခံ၊ သေနတ်ဒင်နှင့် လှည်းဝင်ရိုး၊ လှည်းပုံတောင်း စသည်များတွင်လည်းကောင်း၊ အဆောက်အအုံဆောက်လုပ်ရာတွင်လည်းကောင်း၊ ပန်းပုထုရာတွင်လည်းကောင်း အသုံးချနိုင်သည်။ တစ်ကုဗပေမှာ ၆၁ ပေါင်ခန့်လေးသည်။ ကံ့ကော်ရွက်ရင့်များသည် အစိမ်းရောင်ရှိ၍ အရိပ်အာဝါသကောင်းခြင်း၊ လှပ၍ ရနံ့ကြိုင်သော ပန်းများပွင့်ခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် အနှံ့အပြား စိုက်ပျိုးကြ၏။

နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရားရှင်သည် ကံ့ကော်ပင်၌ ပွင့်တော်မူမည်ဆိုခြင်းကြောင့် အချို့က ကံ့ကော်ပင်များကို အထွတ်အမြတ်ထားကာ ဘုရားဝင်း၊ ကျောင်းဝင်းအတွင်း၌ အမြတ်တနိုးပင် စိုက်ပျိုးလှူဒါန်းကြသည်။ အဝါရောင်ဝတ်ဆံပတ်လည်တွင် ဖြူဖွေးသောပွင့်ဖတ်များ ဝန်းရံလျက်ရှိသည့် ကံ့ကော်ပန်းများသည် တန်ခူးလတွင် ဝေဆာစွာပွင့်ကြသည်။ ကံ့ကော်ပန်းကို ဘုရား၌ ကပ်လှူပူဇော်ကြသည်။

မြန်မာအမျိုးသမီးများ နှစ်သက်မြတ်နိုးစွာ ပန်ဆင်လေ့ရှိသည့် ပန်းတစ်မျိုးလည်းဖြစ်၏။ ကံ့ကော်ပန်းအခြောက်ကို အထူးသဖြင့် မြန်မာ့တိုင်းရင်းဆေး၊ သွေးဆေးဖော်စပ်ရာတွင် အသုံးပြုလေ့ရှိကြောင်း သိရှိရပါသည်။ ၎င်းဝတ်ဆံအား မြန်မာအမျိုးသမီးတို့က မြန်မာ့ရိုးရာသနပ်ခါးနှင့်ရောပြီး အသားလှ၍အေးစေရန် နွေရာသီတွင် လိမ်းလေ့ရှိပါသည်။ ထိုသို့သနပ်ခါးဖြင့် ရောလိမ်းခြင်းဖြင့် နွေ၏အပူဒဏ်ကိုလည်း ခံနိုင်သည်ဟု အယူရှိကြသည်။ ကံ့ကော်ပွင့်၊ ကံ့ကော်ဝတ်ဆံနှင့် ကံ့ကော်ရွက်တို့သည် ဆေးဖက်ဝင်ကြောင်း လေ့လာသိရှိရပါသည်။ ကံ့ကော်ရွက်မှာမူ မြွေဆိပ်ဖြေနိုင်သည်ဟုဆိုသည်။ ကံ့ကော်သီးမှာ ရှည်လျားလျားဖြစ်၍ တစ်လက်မခန့် ရှည်သည်။ အသီးမှအဆန်ကိုကြိတ်လျှင် ဆီရနိုင်ပါသည်။ သို့သော် လူတို့စားသုံးခြင်း မပြုနိုင်ကြောင်း လေ့လာသိရှိရသည်။ ဆပ်ပြာချက်ရာတွင် အသုံးပြုနိုင်သော်လည်း လိုသလောက်မရနိုင်ကြောင်း သိရပါသည်။

လတန်ခူးကာလနှင့် မြန်မာနိုင်ငံ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင်ကောင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် စိမ်းလန်းသောတောင်တန်းကြီးများ၊ သစ်တောများ၊ ကြည်လင်သန့်ရှင်းသော ရေကန်များ၊ မြစ်ချောင်းများ၊ ပင်လယ်များ၊ ရှည်လျားလှပသည့် ကမ်းရိုးတန်းများနှင့် ပြည့်စုံနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် နွေဦးကာလတန်ခူးလအတွင်း ကံ့ကော်ပန်းအပါအဝင် ပန်းပေါင်းစုံ၏ ရနံ့များသာမက နွေဦးကာလ တွန်ကျူးလျက်ရှိသော ဥဩ၊ ချိုးငှက်နှင့် သဘာဝကျေးငှက်မျိုးစုံတို့၏ တွန်ကျူးသံများ၊ သစ်ရွက်တို့၏ လေဝှေ့သံ၊ သစ်ရွက်ခြောက်တို့၏ မြေပြင်နှင့် ရေပြင်သို့ ကြွေကျသံတို့သည် လတန်ခူးကာလ လူသားတို့အတွက် စိတ်နှလုံးအား ကြည်ရွှင်လန်းဆန်းပါသည်။

ထို့ကြောင့် နွေကာလသဘာဝအလှတရား၏ တန်ဖိုးမှာ လွန်စွာတန်ဖိုးရှိလှပါသည်။ တစ်ဖန် တန်ခူးလသင်္ကြန်ကာလအတွင်း မြန်မာတို့၏ ရိုးရာအစဉ်အလာအရ ဘုရားကျောင်းကန်အတွင်း စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ရှင်ပြုနားသမင်္ဂလာပွဲပြုလုပ်ခြင်း၊ ဥပုသ်သီတင်းသီလ ဆောက်တည်ခြင်း၊ တရားဘာဝနာပွားများခြင်း၊ သက်ရှိသတ္တဝါတို့အား ဘေးမဲ့လွှတ်ပြီး ကုသိုလ်ယူခြင်း၊ သက်ကြီးရွယ်အို အဘိုးအဘွားများအား ပင့်ဖိတ်၍ ခေါင်းလျှော်ရေချိုး ခြေသည်း၊ လက်သည်း လှီးဖြတ်ပေးခြင်း၊ အမွှေးနံ့သာများ လိမ်းပေးခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ နှစ်ဆန်းတစ်ရက်နေ့တွင် သံဃာတော်များပင့်ဖိတ်၍ အရပ်ဒေသအလိုက် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ခြင်း စသည့် မြန်မာ့ရိုးရာအစဉ်အလာကောင်းများအား အလေးထားဆောင်ရွက်ကြပါသည်။

ထို့အတူ လူကြီးလူငယ်များအနေဖြင့် ရေပက်ကစားခြင်းစသည့် ခေတ်ကာလ တိုးတက်ပြောင်းလဲလာမှုအပေါ် မူတည်ပြီး ဒေသအလိုက် ရေပက်မဏ္ဍပ်များဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့် လှည့်လည်ရေပက်ခံခြင်းဖြင့်လည်းကောင်း၊ ရိုးရာမပျက် ရေကစားကြသည်မှာ ပျော်ရွှင်စရာကောင်းသည့် ရှုခင်းများပင်ဖြစ်ပါသည်။

ထိုကြည်နူးဖွယ်၊ ပျော်ရွှင်ဖွယ်ကောင်းသည့် နှစ်သစ်ကူးတန်ခူးလတွင် မွှေးရနံ့သင်းသည့် ကံ့ကော်ပန်း၊ ပိတောက်ပန်းများနှင့် အလှဆင်လျက် မြန်မာ့နှစ်သစ်ကူးသင်္ကြန်အား ကြိုဆိုလိုက်ရပါသည်။ ။

ဝေဖြာရွှန်းတင့် သစ် ◦ ◦သစ်ဆင့်

❋ ခါနှစ်ဆန်းနွေ မြန်မာ့မြေ
ဝါရွှေပိတောက် မွှေးပါ၏။

❋ ဥဩသံရှေ(ရှည်) နွေမိတ်ဆွေ
ခွန်းခြွေသီဖွဲ့ ကြွေးပါ၏။

❋ တာသင်္ကြန်ရေ ဖျန်းပက်လေ
ညွှန်းစေရင်မှာ အေးပါ၏။

❋ ထုံးမပျက်ပေ ဘိုးဘွားတွေ
သန့်စေခေါင်းလျှော် ဆေးပါ၏။

❋ ဘိုးဘွားဖေမေ ဦးနှိမ်ခြွေ
ချိုပြေညွှတ်ကြည် ထွေးပါ၏။

❋ သာစေမာစေ ကြီးပွားစေ
ဆုခြွေတုံ့ပြန် ပေးပါ၏။

❋ ဗုဒ္ဓနှုတ်ခြွေ မြတ်ဓမ္မေ
ဖြန့်ဝေကြားနာ နွေးပါ၏။

❋ အလို ◦ ◦ ◦
ဝင့်ထည်လွှန်းပေ၊ သိန်သရေနှင့်
များထွေဝန်းခ၊ ဂုဏ်အင်လှတို့
မြန်မာ့မြေမှာ၊ နှစ်ကူးခါဝယ်
ဝေဖြာရွှန်းတင့်၊ သစ် ◦ ◦ သစ်ဆင့်မို့
မြင့်လာတော့မည်၊ မြင်မိသည်၌
ရောင်ခြည်ဖြန့်လွှမ်း၊ အဆန်းဆန်းတို့
ဆွတ်ဖျန်းပိုက်ထွေး နွေးသလို ◦ ◦ ◦။
ကျွန်ုပ်ဝမ်းမြောက် လှိုက်လှဲကြို ◦ ◦ ◦။ ။

မောင်စိမ်းနောင်(လယ်ဝေး)

မေ့ပြီ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်)နှံ့သာသွေးပြိုင်ပွဲ၌ ပထမဆုရ မာန်အောင်မြို့နယ်(မေဃဝေကရီ)အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့်နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်း မပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာ ရေပက်ကစားရန်နှင့် ညနေ ၆ နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။ **ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့**

နွေသကြံ့န် အတာပွဲ

- တစ်နှစ်ကူး . . .
  ပုရစ်ဖူးတွေက ဝေဝေစီ၊
- နွေသကြံ့န် အတာပွဲကို
  နွဲကြလေပြီ၊
- သပြေပန်းရယ်နဲ့
  ရေဖျန်းပါလို့ ပျော်ကြသည်
  မြန်ပြည်နယ်တစ်ဝန်း။
- တို့နိုင်ငံ ပန်းလိုမွှေးတယ်
  (အဆွေတို့ရေ . . .)
  အေးမြ ရွှင်လန်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်
ရတနာပုံဆိုင်ဘာစီးတီး နည်းပညာတက္ကသိုလ် ကြည့်ရှုစစ်ဆေး တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၂

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်သည် ဧပြီ ၉ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်ခရိုင် ပြင်စာစ်ပြကျေးရွာရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ကပြူး- ရွှေချောင်း- ဖောင်းတော- အနီးစခန်း လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်း အနီးစခန်းလမ်းပိုင်း လမ်းသစ်ဖောက်လုပ်ခြင်း လုပ်ငန်းခွင်၌ မြေသားလမ်းချဲ့ခြင်း၊ အမာခံလမ်းခင်းခြင်း၊ အနိမ့်အမြင့်ညှိခြင်း၊ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြင်ဦးလွင်(ရေငယ်) မိုးကုတ်လမ်း ဖောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်၌ လမ်းတစ်လျှောက် ၃၄ ပေ လမ်းပုံဖော်ခြင်း၊ အမာခံလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်းများကို ကြည့်ရှုစစ်ဆေးပြီး ကတ္တရာလမ်းခင်းခြင်းကို စံချိန်မီအရည်အသွေးပြည့်မီစွာ မိုးရာသီမတိုင်မီ ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ညနေ ၃ နာရီတွင် ပြင်ဦးလွင်ခရိုင် သုံးတောင်စံပြကျေးရွာရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာတက္ကသိုလ် ရတနာပုံဆိုင်ဘာစီးတီး တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိရာ ဒုတိယပါမောက္ခ ဒေါက်တာမြတ်သင်းကိုက ပါရဂူဘွဲ့ တက်ရောက်သူ ၈၀၊ အင်ဂျင်နီယာဘွဲ့ တက်ရောက်သူ ဦးရေ ၉၃၂ ဦး၊ သင်ကြားနေသည့် ဘာသာရပ်မှာ (1) B.E (Information Science), (2) B.E (Computer Engineering), (3) B.E (Electronic Engineering), (4) B.E (Advanced Materials Engineering, (5) B.E (Precision Engineering) စသည့် ငါးခုရှိကြောင်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးကုမ္ပဏီများဖြစ်ကြသော အေးရှားဝေါလ်၊ ထူးကုမ္ပဏီနှင့် အေဝမ်းကုမ္ပဏီတို့မှ တာဝန်ခံများက ကျောင်းဆောင်ကြီးများ ဆောက်လုပ်ပြီးစီးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆောက်လုပ်နေသည့် ကျောင်းဆောင်ကြီးများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင်၊ မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူးတို့၏ ဒေသဆိုင်ရာ အချက်အလက် ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရခိုင်ရိုးရာ နှံ့သာသွေးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၂

(၈)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်) နှံ့သာသွေးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကွင်း၌ ကျင်းပရာ ရခိုင်သဟာယအသင်းဥက္ကဋ္ဌ ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီနာယက ဦးခင်မောင်စိုးနှင့် ရခိုင်ရိုးရာသင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါ်စောခင်တင့်တို့က နှံ့သာသွေးပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်) နှံ့သာသွေးပြိုင်ပွဲဝင် အသင်းကိုးသင်းမှ ရခိုင်လှပျိုဖြူများက နှံ့သာသွေးပြိုင်ပွဲဝင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိကြသည့် အသင်းများအား ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဇော်အေးမောင်နှင့် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

(၈)ကြိမ်မြောက် ရခိုင်ရိုးရာသင်္ကြန်ပွဲတော်(ရန်ကုန်) နှံ့သာသွေးပြိုင်ပွဲကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကွင်း၌ ကျင်းပစဉ်။

(သတင်းစဉ်)

စစ်တွေမြို့၌ ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နှံ့သာသွေးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၂

၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နှံ့သာသွေးပြိုင်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်များမှ ပြိုင်ပွဲအသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

နှံ့သာသွေးပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက် အသီးသီးမှ နှံ့သာသွေးပြိုင်ပွဲဝင် အသင်း ၄၁ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပွဲစဉ် ရပ်နားနေစဉ် သင်္ကြန်ယိမ်းအဖွဲ့များက သင်္ကြန်ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်ကြကာ ဆုပေးပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် နံနက် ၇ နာရီတွင် ဦးဥတ္တမ ခန်းမ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် ၁၃၇၂ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နှံ့သာသွေးပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး ဒလ၌ ကျင်းပ

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါတားဆီးကာကွယ်ရေး ဟောပြောပွဲကို မြို့မ(၃)ရပ်ကွက် မင်းတန်းလမ်းရှိ သုဓမ္မာတန်ဆောင်း၌ မတ် ၁၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

တစ်အိမ်တက်ဆင်း

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ထူးလှိုင်တို့က အမှာစကားပြောကြားကြသည်။ အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်အေးသန္တာကျော်နှင့် အဖွဲ့ဝင်များ၊ စီအက်စ်ဂျီအဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ထို့နောက် ရပ်ကွက်အတွင်းသို့ သွေးလွန်တုပ်ကွေးရောဂါတားဆီးကာကွယ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း ရှိ၊ မရှိကို တစ်အိမ်တက်ဆင်း ပြုလုပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (၅၆၉)

သတိပြုရန်

(က) **မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်၊**

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသောယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုးတပ်ရမည်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရ၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရ၊ ဟွန်းသံစုံတပ်ဆင်ခြင်း မပြုရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) **သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။**

(ဃ) **ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်သွားပါမည်။**

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ဝန်ကြီး သူရဦးမြင့်မောင်နှင့် ဝန်ကြီး ဦးစိုးမောင်တို့ ရေစကြိုမြို့၌ ကျောင်းဆောင်ရေစက်ချပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဧပြီ ၁၂

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမောင်တို့သည် ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်း စည်သူရှင်ဘုရား ဆင်ယှဉ်ဘုရားကျောင်းဆောင် ဆောက်လုပ်လှူဒါန်းရေစက်ချပွဲ အခမ်းအနားသို့လည်းကောင်း၊ ဆင်ချောင်းကျေးရွာ သားဖွားခန်းဆောက်လုပ်နေမှုနှင့် အလယ်တန်းကျောင်းခွဲအတွက် ဂါလန် ၁၈၀၀ ဆံ့ ကွန်ကရစ်ရေစင်နှင့် ၁၄ ခန်းတွဲ သန့်စင်ရေလောင်းအိမ်သာ လှူဒါန်းပွဲ အခမ်းအနားသို့လည်းကောင်း တက်ရောက်ခဲ့ကြသည်။

ထို့နောက် ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာများကြည့်ရှုရန် ရုပ်မြင်သံကြားစက် တစ်လုံးနှင့် DVD အောက်စက်တစ်လုံးတို့ကို လှူဒါန်းပြီး ရေစကြိုမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ရေစကြိုမြို့ပေါ်ရှိ ဌာနဆိုင်ရာ အရာထမ်းများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ လက်ရှိနိုင်ငံတော်အစိုးရ၏မူဝါဒများ၊ ဆောင်ရွက်နေမှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဝန်ကြီး သူရဦးမြင့်မောင်သည် ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ရှိ ပုဂံအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသုတေသနဓမ္မသဘင်သို့ ရောက်ရှိပြီး ဓမ္မရောင်ခြည်ကျောင်းဆောင် တည်ဆောက်နေမှု၊ ဓမ္မသဘင် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး သူရဦးမြင့်မောင်နှင့် ဝန်ကြီး ဦးစိုးမောင်တို့သည် မွန်းလွဲပိုင်းတွင် နိုင်ငံတော်သြဝါဒါစရိယ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ မဟာဝိဇယာရာမ (အရှေ့)တိုက်၌ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တနေမိန္ဒနှင့် ဆရာတော်များအားလည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ မဟာဝိသုတာရာမ (အလယ်)တိုက်၌ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဝိစာရနှင့် ဆရာတော်များအားလည်းကောင်း၊ သာသနာ့ဝေပုလာရာမ(မန္တလေး)တိုက်၌ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေဒိယနှင့် ဆရာတော်များအား လည်းကောင်း ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဝန်ကြီး သူရဦးမြင့်မောင်သည် ရေစကြိုမြို့နယ် ဆင်မရဲရွာ မြောက်ကျောင်းဆရာတော် ဦးကုဏ္ဍိယအား ဖူးမြော်ကြည်ညိုပြီး ဆင်မရဲ အထကကျောင်း(ခွဲ)၌ ရွာသူ၊ ရွာသားများနှင့် တွေ့ဆုံကာ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ၊ အထကကျောင်း(ခွဲ) ဆောက်လုပ်ရန် ကြိုတင်ငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်း၍ ပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် ဝန်ကြီး သူရဦးမြင့်မောင်နှင့် ဝန်ကြီး ဦးစိုးမောင်တို့သည် ဇီးကုန်းရွာနှင့် ကုန်းတလင်းရွာဆက်သွယ်သည့် လမ်း၊ တံတားများ တည်ဆောက်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လျှင်ကြောင့် ပြိုကျပျက်စီးခဲ့ရသော ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့၌ လှုပ်ခဲ့သည့် ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့ရသော ဘုန်းတော်ကြီးကျောင်းများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် မိုင်းလင်း(အနောက်) ကျေးရွာအုပ်စု မအန်ခန် ဘုန်းတော်ကြီးကျောင်းရှိ ကယ်ဆယ်ရေးစခန်း၌ ကျင်းပရာ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်၊ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်နှင့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများက အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားတွင် သီတဂူဆရာတော်ကြီးက ငွေကျပ် ၆၅ သိန်း၊ ဦးရှိန်ဝင်း(တက်လမ်းဆောက်လုပ်ရေး) ရန်ကုန်က ငွေကျပ်သိန်း ၃၀၀၊ ဦးမျိုးမြင့် - ဒေါက်တာမြင့်မြင့်သိန်း မိသားစု(ပဲခူး)က ငွေကျပ်သိန်း ၅၀၊ ဒေါက်တာမြတ်သူ -ဒေါက်တာခင်ချိုဦး (အာရှတော်ဝင်) ရန်ကုန်က ငွေကျပ်သိန်း ၁၀၀၊ ဦးတင်ဦး -ဒေါ်လှမြင့် (ရွှေစင်မိသားစု)က ငွေကျပ်သိန်း ၅၀၊ ဦးဝေလွင်(ဆိုနီမိသားစု)က ငွေကျပ်သိန်း ၁၀၀၊ ဒေါ်ရွှေဥ (ရွှေဥရာစုသစ်) ရန်ကုန်က ငွေကျပ်သိန်း ၁၀၀၊ ဦးစိန်လွင်- ဒေါ်ဖြူဖြူခိုင် (Ever Winner) ကုမ္ပဏီက ငွေကျပ်သိန်း ၁၀၀၀၊ ဦးသန်းလွင်-ဒေါ်ခင်သိန်း ရန်ကုန်က ငွေကျပ် သိန်း၁၀၀၊ ဒေါ်ညွန့်ညွန့်အေး(မန္တလေးသီတဂူကျောင်းအမ)က ငွေကျပ်သိန်း ၁၀၀၊ ကိုကျော်ကျော်-မချိုလွင် ရန်ကုန်က ငွေကျပ်သိန်း ၁၀၀၊ ဦးစိုးသိန်း- ဒေါ်ဆင်နု(ရွှေနဒီမိသားစု)က ငွေကျပ်သိန်း ၃၀၊ ဦးစိုးဦး-ဒေါ်စန်းစန်းရွှေ(ဂမုန်းပွင့်) မိသားစုက ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၁၀၀ လှူဒါန်းကြပြီး ယင်းအလှူငွေများကို ပျက်စီးမှုအများဆုံး ကျောင်း ရှစ်ကျောင်းအတွက် ငွေကျပ် သိန်း ၁၅၀စီ၊ ဒုတိယပျက်စီးမှုအများဆုံး ကျောင်း ရှစ်ကျောင်းအတွက် ငွေကျပ် ၇၅ သိန်းစီ၊ အနည်းငယ်ပျက်စီးသော ကျောင်း ငါးကျောင်းအတွက် ငွေကျပ် သိန်း ၆၀ စီ ခွဲဝေ လှူဒါန်းခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

စာကြည့်တိုက်အဆောက်အအုံသစ် ဘုတလင်၌ဖွင့်

ဘုတလင် ဧပြီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မြင်သာကျေးရွာတွင် ရှေ့ဆောင်ပဒေသာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၃၀ ရက် မွန်းတည့် ၁၂နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဝင်းနှင့် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးကျော်စိုးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဝင်းနှင့် မြို့နယ် ဝါလုပ်ငန်းမန်နေဂျာ ဒေါ်တင်စန်းတို့က စာကြည့်တိုက်အတွက် သုတရသစာအုပ်စာစောင် ၄၅၉ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

မတ် ၃၀ ရက်က ဘုတလင်မြို့နယ် မြင်သာကျေးရွာ၌ ရှေ့ဆောင်ပဒေသာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဝင်းနှင့် စာကြည့်တိုက် ဥက္ကဋ္ဌ ဦးကျော်စိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

ဂျက်ကီချန်းနှင့် ကွန်ဆန်းဝူးတို့ကို ရှုစားကြရမည့် စွန့်စားခန်း ရုပ်ရှင်ဇာတ်ကားသစ် ရိုက်ကူးတော့မည်

အက်ရှင်သရုပ်ဆောင် ဂျက်ကီချန်း၏ "တရုတ်ရာသီစက်ဝန်း" (Chinese Zodiac) ဟု ယာယီအမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားသစ်တွင် ကမ္ဘာကျော် ဟောင်ကောင်မင်းသားကြီးအား ကိုရီးယားရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းအကျော်အမော် ကွန်ဆန်းဝူးနှင့် တွဲဖက်သရုပ်ဆောင်ထားသည်ကို တွေ့မြင်ကြရတော့မည်ဖြစ်သည်။ အဆိုပါဇာတ်ကားသည် ဂျက်ကီချန်း၏ ရာပြည့်ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

Spirit of Jeet Kune အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် ကိုရီးယားသရုပ်ဆောင် ကွန်ဆန်းဝူး၏ သရုပ်ဆောင်ပုံများကို ဟောင်ကောင်မင်းသားကြီး ဂျက်ကီချန်းက သဘောကျခဲ့ခြင်းကြောင့် ၎င်းရိုက်ကူးမည့် "တရုတ်ရာသီစက်ဝန်း" တွင် သရုပ်ဆောင်ရန် ကွန်ဆန်းဝူးအား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ကွန်၏ကုမ္ပဏီက ထုတ်ဖော်ပြောကြားသည်။

ရုပ်ရှင်ဇာတ်လမ်း အကြောင်းအရာမှာ ကမ္ဘာတစ်ခွင် ရတနာရှာဖွေသည့် ဂျက်ကီချန်း၏ စွန့်စားခန်းများဖြစ်ပြီး ရုပ်ရှင်ကိုလာမည့် ဇွန်လအတွင်း စတင်ရိုက်ကူးမည်ဖြစ်ကာ အခြားအာရှ စူပါစတားနှစ်ဦးတို့လည်း ပါဝင်သရုပ် ဆောင်ကြမည်ဖြစ်သည်ဟု ဆိုသည်။

ဟောင်ကောင်သရုပ်ဆောင် ဂျက်ကီချန်း (ဝဲအစွန်)**နှင့် ကိုရီးယားသရုပ်ဆောင် ကွန်ဆန်းဝူး။** (ဝဲပုံ)

ဒေါ်လာ တစ်သန်းတန် ရှားပါးကာတွန်းစာအုပ် ဆယ်စုနှစ်တစ်ခုကြာ ပျောက်ဆုံးပြီးမှ ပြန်တွေ့

လွန်ခဲ့သော ၁၀နှစ်က ဟောလိဝုဒ်ရုပ်ရှင်သရုပ်ဆောင် နစ်ကလပ်စ်ကေ့ဂျ် ပျောက်ဆုံးသွားခဲ့သော ရှားပါးကာတွန်းစာအုပ်တစ်အုပ်ကို မသုံးဘဲပစ်ထားသော သိုလှောင်ခန်းတစ်ခုမှ ပြန်လည်တွေ့ရှိခဲ့ကြောင်း လန်ဒန်မှ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

၁၉၃၈ ခုနှစ်ထုတ် လှုပ်ရှားမှုအသားပေး ရုပ်ပြစာအုပ် #1 သည် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာတစ်သန်းတန်ပြီး နစ်ကလပ်စ်ကေ့ဂျ်၏ လော့စ်အိန်ဂျလိစ် အနောက်ပိုင်းနေအိမ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း ခိုးယူခံခဲ့ရခြင်းဖြစ်သည်။

အဆိုပါ ရုပ်ပြစာအုပ်သည် ကမ္ဘာကျော် စူပါမင်းဇာတ်ကောင် ပွဲဦးထွက် စာအုပ်ဖြစ်ပြီး ထုတ်ဝေဖြန့်ချိပြီးသမျှ ရုပ်ပြစာအုပ်များအနက် အရေးပါဆုံးအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အလေးထားကြသော စာအုပ်ဖြစ်သည်။ လေလံပွဲတစ်ခုမှ ဝယ်ယူခဲ့ပြီးနောက် ခိုးယူခံခဲ့ရသော အဆိုပါရုပ်ပြစာအုပ်ကို ဆန်ဖာနန်ဒိုတောင်ကြားရှိ စွန့်ပစ်သိုလှောင်ခန်းတစ်ခုအတွင်းမှ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

နစ်ကလပ်စ်ကေ့ဂျ်အား ရုပ်ပြစာအုပ်ကို ရောင်းချခဲ့သူ နယူးယောက်မှ ဝယ်ရောင်းသမား စတီဖန်ဖစ်ရှာက အဆိုပါ ရုပ်ပြစာအုပ်မှာ မူရင်းအစစ်အမှန်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။ "Con Air"နှင့် "Face : Off"ဇာတ်ကားတို့ဖြင့် ထင်ရှားသူ ကေ့ဂျ်သည် ၎င်းစုဆောင်းထားသည့် ရုပ်ပြစာအုပ်များအနက်မှ ၁၄၁အုပ်ကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်းဖြင့် နောက်ဆုံးအကြိမ်က ရောင်းချခဲ့သည်။

ဒေါ်လာတစ်သန်းတန် စူပါမင်း ရုပ်ပြစာအုပ် (အပေါ်ပုံ)**နှင့် စာအုပ်ပိုင်ရှင် နစ်ကလပ်စ်ကေ့ဂျ်။** (ဝဲပုံ)

အင်တာနက်။

အိန္ဒိယ ရုပ်ရှင်လောကရောက် တရုတ်မင်းသားချန်ပေ့ဟန်း

လှုပ်ရှားမှုအသားပေး ရုပ်ရှင်ကားများ၏ ဇာတ်လိုက်များနောက်ကွယ်တွင် ကိုယ်ခံပညာပြကွက် ညွှန်ကြားသူများနှင့် စတန့်မင်းခေါ် လူစားထိုး စွန့်စားသူများပါဝင်သည့် အုပ်စုတစ်စု ရှိနေစမြဲဖြစ်သည်။ ဇာတ်လိုက်မင်းသားဟူသမျှတို့မှာ ဘရုစ်လီ၊ ဂျက်ကီချန်း စသည့် အက်ရှင်မင်းသားများကဲ့သို့ ကိုယ်တိုင်သရုပ်ဆောင်နိုင်ကြသူများ မဟုတ်သည့် အားလျော်စွာ ခက်ခက်ခဲခဲ ပြကွက်များကို စတန့်မင်းတို့က လူစားထိုး စွန့်စားသရုပ်ဆောင်ကြရသည်။

တရုတ်နိုင်ငံသား ချန်ပေ့ဟန်းသည် ထူးချွန်သည့် လူစားထိုးစွန့်စားသူတစ်ဦးဖြစ်ပြီး ၎င်း၏ ကျွမ်းကျင်မှုများကို အသုံးချကာ မလေးရှားနိုင်ငံတွင် စင်တင်ပြဇာတ်တစ်ပုဒ်ကို ညွှန်ကြားပြသနေသူဖြစ်သည်။ ၎င်းသည် ယခုအခါ အိန္ဒိယ ရုပ်ရှင်လောက ဘောလိဝုဒ်နှင့် ဆက်သွယ်မိပြီဖြစ်ပြီး ၎င်း၏ ထူးချွန်ထက်မြက်သည့် စွမ်းရည်များကို ကမ္ဘာသို့ ပြသနိုင်တော့မည်ဖြစ်သည်။

အသက် (၄၈) နှစ် ရှိပြီဖြစ်သော်လည်း အသက်ထက် ငယ်ရွယ်နေပုံရသည့် ချန်သည် လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း Ace Stunt ခေါ် ၎င်း၏သိုင်းအဖွဲ့နှင့်အတူ အိန္ဒိယနိုင်ငံသို့ အခေါက်ခေါက်အခါခါ သွားရောက်ကာ ဘောလိဝုဒ်ရုပ်ရှင်နှင့် ကြော်ငြာရိုက်ကွင်းများတွင် ပါဝင်ပံ့ပိုးခဲ့သည်။

ချန်သည် ဟောင်ကောင်သရုပ်ဆောင် ချောင်ယွန်ဖက် ထိုင်းဘုရင်အဖြစ် သရုပ်ဆောင်ခဲ့သည့် Anna and the King ဇာတ်ကားတွင် ထိုင်းဘုရင်၏ သက်တော်စောင့်အဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်သည်။ **အင်တာနက်။**

စွန့်စားခန်း ရိုက်ကွင်း

ဘောလိဝုဒ်ရုပ်ရှင် ရိုက်ကွင်းတစ်ခုတွင် စွန့်စားခန်း သရုပ်ဆောင်ရန်အတွက် ပြင်ဆင်နေသော ချန်ပေ့ဟန်းကို တွေ့ရစဉ်။

(13-4)08.pmd 1 4/13/2011, 3:00 AM

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်း၏ (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁၂

ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းက ကြီးမှူး၍ Kaung Myat Companies (KM Golf Centre) က အဓိကကူညီပံ့ပိုးသော (၅၃)ကြိမ်မြောက် မဟာသင်္ကြန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Pyin Oo Lwin Gold Cup) ၏ ဒုတိယနေ့အဖြစ် ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ကြေးအဆင့် တစ်ဦးချင်းပြိုင်ပွဲ၊ သက်ကြီးတန်းပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ပြင်ဦးလွင်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ဧပြီ ၁၁ ရက်နှင့် ၁၂ ရက်ပြိုင်ပွဲများအပြီးတွင် ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲ၌ ပြည် (က)အသင်းက စုစုပေါင်းရိုက်ချက် ၄၈၆ ချက်ဖြင့် ပထမ၊ ပြင်ဦးလွင် (က)အသင်းက စုစုပေါင်းရိုက်ချက် ၅၁၀ ဖြင့် ဒုတိယ၊ ကြေးအဆင့် တစ်ဦးချင်း ပြိုင်ပွဲတွင် ချစ်ရင်ထူး (ပြည်)က H'cap ၂၂ ဖြင့် သတ်မှတ်ရိုက်ချက်အောက် အချက် ၃၀ လျှော့ရိုက်ကာ ပထမ၊ သန်းထိုက်အောင် (ပြည်)က H'cap ၂၂ ဖြင့် သတ်မှတ်ရိုက်ချက်အောက် အချက် ၃၀ လျှော့ရိုက်ကာ ဒုတိယ၊ မိုးဇော်ထွန်း (ပြင်ဦးလွင်)က H'cap ၂၀ ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၂၄ ချက် လျှော့ရိုက်ကာ တတိယ၊ သက်ကြီးတန်း တစ်ဦးချင်းပြိုင်ပွဲတွင် စိုးညွန့်(ရန်ကုန်)က H'cap ၁၉ ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၉ ချက်လျှော့ရိုက်ကာ ပထမ၊ သိန်းဖေ(ပြင်ဦးလွင်)က H'cap ၁၉ ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၆ ချက်လျှော့ရိုက်ကာ ဒုတိယ၊ အောင်ဝင်း(ပြင်ဦးလွင်)က H'cap ၂၀ ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၃ ချက် လျှော့ရိုက်ကာ တတိယ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခင်မာနွယ် (ပြင်ဦးလွင်)က H'cap ၁၄ ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၄ ချက်လျှော့ရိုက်ကာ ပထမ၊ စုနဒီဝင်းထွန်း(ပြင်ဦးလွင်)က H'cap ၁၉ ဖြင့် သတ်မှတ်ရိုက်ချက်အောက် ၁၁ ချက်လျှော့ရိုက်ကာ ဒုတိယ၊ မေမီသော်(ပြင်ဦးလွင်)က H'cap ၂၂ ဖြင့် သတ်မှတ်ရိုက်ချက်အောက် ရှစ်ချက်လျှော့ရိုက်ကာ တတိယ ရရှိထားကြသည်။

ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ရွှေအဆင့် တစ်ဦးချင်းပြိုင်ပွဲ၊ ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲ၊ ငွေအဆင့် တစ်ဦးချင်းပြိုင်ပွဲနှင့် ပြင်ဦးလွင်ဖလားဂေါက်သီး ရိုက်ပြိုင်ပွဲများကို ဧပြီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဧပြီ ၉ ရက်က မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ် ခါးပြတ်ကျေးရွာ လေဘေးသင့်ရေလုပ်သားများ၏ ကျန်ရစ်သူ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။

(သတင်းဖော်ပြပြီး)
(မွေး/ရေ)

အလက(၅)ရန်ကင်း ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း၌ ၁၉၇၀ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း မြတ်မင်္ဂလာခန်းမ၌ ပထမအကြိမ်အဖြစ် အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမများအားလုံး ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများလည်း မပျက်မကွက် တက်ရောက် ပူဇော်ကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက ဖိတ်ကြားထားသည်။ (သတင်းစဉ်)

မဟာသင်္ကြန်အကြို ရခိုင်ရိုးရာ နံ့သာသွေးပွဲနှင့် ယိမ်းအကဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၂

မဟာသင်္ကြန်အကြို ရခိုင်ရိုးရာ နံ့သာသွေးပွဲနှင့် ယိမ်းအကဖျော်ဖြေပွဲကို တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မဝိဟာရလမ်းနှင့် ကျားကွက်သစ်လမ်းထောင့်ရှိ အမက(၂) ကျောင်းရှေ့၌ ယနေ့ ညနေ ၆နာရီက ကျင်းပသည်။

ရခိုင်ရိုးရာယဉ်ကျေးမှုပွဲမှာ ယခုနှစ်ဆိုလျှင် ရှစ်နှစ်ရှိပြီဖြစ်ကြောင်း၊ ယခုနေရာမှာပင် ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း၊ မိမိကိုယ်တိုင် ကမကထလုပ်ခဲ့သည်မှာ ခြောက်နှစ်ရှိပြီဖြစ်ပါကြောင်း၊ ယခုပွဲပြုလုပ်ရသည့်အဓိကရည်ရွယ်ချက်သည် ရခိုင်ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ခြင်း၊ နောင်မျိုးဆက်သစ်များအနေဖြင့်လည်း ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းသွားစေလိုခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ရေကစားရာတွင် ရခိုင်ရိုးရာဖြစ်သည့် ဘုရားရေသပ္ပာယ်ပြီးမှ ရေကစားရသည့်ဓလေ့ကိုလည်း သိစေလိုသည့်အတွက်လည်း ဖြစ်ကြောင်းဖြင့် ရခိုင်လူငယ်များအသင်း ဥက္ကဋ္ဌ ဦးဘဆွေက ပြောသည်။

ကျောက်မြောင်း ဓမ္မဝိဟာရ လမ်း အမက(၂) ရှေ့၌ နံ့သာသွေးပြိုင်ပွဲ ကျင်းပစဉ်။

သတင်း
ဇော်မင်းထွန်း
—
ဓာတ်ပုံ
ချစ်ဝင်းမြတ်

ယင်း နံ့သာသွေးပွဲကို ရခိုင်လူငယ် ၆၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထိုနံ့သာသွေးပွဲမှ ရရှိသော နံ့သာဖြူ နံ့သာနီများအား ဧပြီ ၁၃ ရက် ညနေ ၃ နာရီတွင် ရန်ကင်းမြို့နယ် ဘုန်းတော်ကြီးကျောင်းများရှိ ဗုဒ္ဓဆင်းတုတော်များအား ရိုးရာမပျက် ပက်ဖျန်းပူဇော်သပ္ပာယ်ပူဇော်ပွဲကိုလည်း ပြုလုပ်သွားမည် ဖြစ်သည်။

ရခိုင်တို့၏ ရိုးရာဓလေ့ဖြစ်သော နံ့သာသွေးပွဲနှင့် ဘုရားရေသပ္ပာယ် ပူဇော်ပွဲအခမ်းအနား ပြုလုပ်ပြီးနောက် ဆွမ်းဆန်တော်ပဒေသာပင် ဆက်ကပ်လှူဒါန်းပွဲကိုပါ ထည့်သွင်းပြုလုပ်သွားမည်ဖြစ်သည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အချိန်နှင့်လူသားသတိထား" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၆း၃၅ အဓိဋ္ဌာန်ပြုကာဆုခြွေမည် ဦးရာဇ်တော်စေတီ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၀)**
- ၈း၄၅ ဒီသင်္ကြန်မှာ
- ၉း၀၀ ခါသင်္ကြန်အဆိုအကများ
- ၉း၁၅ ထူးမြတ်သဒ္ဒါမြတ်ပူဇာ [စက်မှုလက်မှုအထက်တန်းကျောင်းအမှတ်(၂)ဘောင်ဒရီ
- ၉း၃၀ အားကစားမြင်ကွင်းစုံ
- ၉း၅၅ မျှော်လင့်ခြင်းခရီးစဉ်. . . ဖြစ်ရပ်မှန်(၈) (ဘက်ပေါင်းစုံမှ ပြုစုကုသစောင့်ရှောက်ခြင်း)
- ၁၀း၂၀ ခါသင်္ကြန်အဆိုအကများ
- ၁၀း၃၀ ဓာတ်ပုံထဲမှအမှတ်တရများ (သဥ္ဇာနွယ်ဝင်း)
- ၁၁း၀၀ Vox Pop (သင်္ကြန်စိတ်ကူး)
- ၁၁း၁၅ မြန်မာတို့ရဲ့အတာသင်္ကြန်
- ၁၁း၃၀ သင်္ကြန်အိပ်မက်များ(အပိုင်း-၂)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ မြတ်နိဗ္ဗာန်သို့ရော်ရည်မှန်း မင်းလှမြို့ရဲ့စုပေါင်းဒါနပန်း
- ၁၂း၂၅ စားချင်စဖွယ်နည်းအသွယ်သွယ် (မုန်လာဥနီသုပ်နှင့် ဝက်သားစဉ်းကောချက်)
- ၁း၀၀ "အချိန်နှင့်လူသားသတိထား" တရားတော် (ညောင်ကန်အေးဆရာတော် ဒေါက်တာအရှင်ကုန္ဒက)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ထူးခြားတာကောင်းတယ်၊ မထူးခြားတာကောင်းတယ်)
- ၃း၁၀ ခါသင်္ကြန်အဆိုအကများ
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇၂)**
- ၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၀)**
- ၅း၀၅ ရန်အောင်သင်္ကြန်
- ၅း၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၄၅ နှစ်ဟောင်းမှသည် နှစ်သစ်ဆီသို့
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ 2011 သင်္ကြန်အကြိုနေ့မြင်ကွင်း
- ၆း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၇၃)**
- ၇း၂၅ Cartoon Show Time (Big Idea's Jonah)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခါသင်္ကြန်အဆိုအကများ
- ၉း၀၀ Celebrity Style(ဟဲလေး)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၃၁)**
- ၁၀း၁၅ ဝင်းဦးသင်္ကြန်
- ၁၀း၂၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ခမ်းနားချမ်းအေးကမ္ဘာအေး ဗီလာထဲကအိမ်ကလေး)
- ၁၀း၅၀ မတော်တဆထိခိုက်ဒဏ်ရာရရှိခဲ့လျှင် သတိပြုလိုက်နာရမည့်အချက်များ (အပိုင်း-၂) (ပါမောက္ခဒေါက်တာနေဝင်း)
- ၁၁း၂၀ World of Knowledge (Seconds From Disaster: Alpine Tsunami)
- ၁၂း၀၅ ခါသင်္ကြန်အဆိုအကများ
- ၁၂း၃၅ ဖန်တီးသူနှင့်အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း-၂)
- ၁၂း၅၅ စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (လိမ္မော်ဂျယ်လီမစ်ရှိတ်၊ ကျောက်ကျော၊ နို့သစ်ခွကျောက်ကျော)
- ၁း၀၅ Box Office Movies (The Curious Case of Benjamin Button)
- ၁း၃၅ Eternal Festival (အပိုင်း-၁)
- ၂း၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (လက်ဆောင် ကတ်လေးပေးချင်ရင်)
- ၂း၂၅ ရလဒ်ကောင်းများနှင့် Organic
- ၂း၃၅ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၀ မောတို့မြေမှ အံ့ဖွယ်ထူးခြားလိုဏ်ဂူများ
- ၄း၅၀ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မဟာစည်သာသနာ့ရိပ်သာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ကောလင်းမြို့နယ် လွယ်မောက်တောင်ကျေးရွာတွင် အမျိုးသားတစ်ဦး နန်းမြင့်စင်ပေါ်မှ ပြုတ်ကျသေဆုံး

ကောလင်း ဧပြီ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် လွယ်မောက်တောင်ကျေးရွာတွင် မတ် ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်တိုင်တိုင် ဘုရားပွဲကျင်းပစဉ် အမည်မသိအမျိုးသားတစ်ဦး လွယ်မောက်တောင်ဘုန်းတော်ကြီးကျောင်းရှေ့ နန်းမြင့်စင်ပေါ်မှ ပြုတ်ကျသေဆုံးသည့်အတွက် ကောလင်းရဲစခန်းက သေမှုသေခင်းဖြင့် အရေးယူအမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် ကောလင်းရဲစခန်းမှ ဒု-ရဲအုပ်သန်းဇော်သည် လွယ်မောက်တောင်ဘုရားပွဲ လုံခြုံရေးဆောင်ရွက်နေစဉ် လွယ်မောက်တောင် ဘုန်းတော်ကြီးကျောင်းအရှေ့ဘက်ရှိ နန်းမြင့်စင်ပေါ်မှ လူတစ်ဦး ပြုတ်ကျသေဆုံးနေကြောင်း သတင်းရရှိသဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြသိန်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ဦးစိုးငွေတို့နှင့်အတူ သွားရောက်စစ်ဆေးရာ နန်းမြင့်စင်လှေကားခြေရင်းတွင် အသက်(၃၀)ခန့် အမည်မသိ အမျိုးသားတစ်ဦး မှောက်လျက် အနေအထားဖြင့် ဦးခေါင်းထိပ်ရှေ့နောက်တွင် ကွဲအက်ဒဏ်ရာနှင့် သွေးထွက်ယိုစီး သေဆုံးနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သေဆုံးသူ အမည်မသိ အမျိုးသားအား ရဲဆေးစာဖြင့် ဆေးရုံသို့ပို့ဆောင်၍ ကောလင်းရဲစခန်းမှ သေမှုသေခင်းအမှတ် ၅/၂၀၁၁ ဖြင့် အမှုဖွင့်ကာ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်နှင့် သေဆုံးသူ၏အမည်၊ နေရပ်လိပ်စာတို့ကို စုံစမ်းစစ်ဆေးဆောင်ရွက်နေကြောင်း သိရှိရသည်။

(၂၁၄)

ခရိုင်ချင်းဆက်လမ်းတွင် ဆိုင်ကယ်တိမ်းမှောက်

ရမည်းသင်း ဧပြီ ၁၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၂) ခရိုင်ချင်းဆက်လမ်းမပေါ်တွင် လင်မယားနှစ်ဦးစီးလာသည့် မော်တော်ဆိုင်ကယ်တစ်စီး တိမ်းမှောက်ခဲ့၍ ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ အမျိုးသမီးတစ်ဦး ပွဲချင်းပြီး သေဆုံးသွားမှု မတ် ၈ ရက်က ရမည်းသင်းမြို့နယ် ထူးကုန်းရဲစခန်းနယ်မြေတွင် ဖြစ်ပွားခဲ့သည်။

သိန်းဇော်(၃၀)နှစ် ကုမ္ပဏီလုပ်သား နတ်မောက်မြို့နယ်နေသူသည် ၁ယ/၇၆၃၅၉ လော့ဂျာ အနက်ရောင် ဆိုင်ကယ်ကို တောင်မှ မြောက်သို့ မောင်းနှင်လာစဉ် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း မြင်းနားကျေးရွာ အုပ်စု ကန်သာကျေးရွာ မြောက်ဘက် အရောက် ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။ ယာဉ်မောင်း သိန်းဇော်တွင် ဝဲပခုံး၊ ကျောပြင်တို့တွင် ပွန်းပဲ့ဒဏ်ရာ တစ်ခုစီ၊ ဝဲလက်ဖျံ၊ ဝဲလက်သန်း၊ ဝဲခြေသလုံးတို့တွင် ဒဏ်ရာတစ်ခုစီရရှိပြီး ဆိုင်ကယ်နောက်မှ စီးသူ ယာဉ်မောင်း၏ ဇနီး မဝေဖြိုး (၂၆)နှစ် ကုလားရှင်ရွာ နတ်မောက်မြို့နယ် နေသူတွင် ဦးခေါင်းနောက်စေ့ ပေါက်ပြဲ ဒဏ်ရာတစ်ခုနှင့် ဝဲလက်ကောက်ဝတ်ကျိုးကာ သေဆုံးသွားသည်။

ဖြစ်ပွားရာသို့ ဒု-ရဲအုပ်(စခန်းမှူး) ရဲဝင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားလိုပြုလုပ်ကာ မတ် ၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ထူးကုန်းရဲစခန်း၌ အမှုဖွင့် တိုင်ကြားခဲ့၍ ရဲစခန်း(ပ) ၂၉/၁၁ ပြစ်မှု၊ ပုဒ်မ ၃၀၄ (က)၃၃၈/၃၃၇ဖြင့် တရားခံသိန်းဇော် ကုမ္ပဏီလုပ်သား ပိတ္တောအုပ်စု နတ်မောက်မြို့နယ် နေသူအား တရားစွဲဆိုသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(၁၁၅)

မှုခင်းကျဆင်းရေး ဆွေးနွေးဟောပြော

ကျောက်မဲ ဧပြီ ၁၂

ကျောက်မဲခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးသည် ဖေဖော်ဝါရီ ၂၆ ရက်က မိုးမိတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မှုခင်းကျဆင်းရေး ပြည်သူလူထု ပူးပေါင်းပါဝင်သော နယ်မြေလုံခြုံရေးစနစ် ဖြစ်ပေါ်စေရေး၊ ဒေသအတွင်း ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ သုံးစွဲမှု ပပျောက်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုမခံရရေးနှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးမှုစနစ် ပပျောက်ရေးတို့အား ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆွေးနွေးဟောပြောကြောင်းသိရသည်။ (ကြေးမုံ)

ပြည်တွင်း အားကစားသတင်းများ

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၁၂

၂၀၁၁ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၉)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက် ညနေ ၃ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲအပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု၊ နေရာအလိုက် အကောင်းဆုံးဆု၊ ဂိုးအကောင်းဆုံးဆုနှင့် ဒုတိယဆုရ လောင်းလုံမြို့နယ်အသင်းနှင့် ပထမဆုရ ထားဝယ်မြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုငွေများကို တိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းဆွေနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး တံခွန်စိုက်ဖလားရရှိသော ထားဝယ်မြို့နယ်အသင်းအား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ပထမဆုရ ထားဝယ်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ကာယဗလနှင့် ကာယအလှ အားကစားနည်းပြဆရာ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ



ရန်ကုန် ဧပြီ ၁၂

အမှတ်(၃)အခြေခံပညာဦးစီးဌာနနှင့် မောင်ဗမာစိန်မောင် အားကစားရုံတို့ ပူးပေါင်းဖွင့်လှစ်သော ကာယဗလနှင့် ကာယအလှ အားကစားနည်းပြဆရာ သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မောင်ဗမာ စိန်မောင် အားကစားရုံ၌ ကျင်းပ သည်။

အခမ်းအနားသို့ အမှတ်(၃)အခြေခံ ပညာဦးစီးဌာန ဦးစီးအရာရှိ(ကာယ/ကျောင်းကျန်းမာ) ဦးအေးမင်း၊ တောင်ဥက္ကလာပမြို့နယ် ပညာရေးမှူး ဆရာမကြီးဒေါ်ခင်မာဆွေ၊ မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်မှ ဦးရဲမြင့်နှင့် ဦးသန်းဆွေတို့ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ဆရာကြီး မောင်ဗမာစိန်မောင်(၈၂)နှစ်က အားကစား သင်တန်းနှင့်ပတ်သက်၍ အဖွင့်အမှာ စကားပြောကြားပြီး အမှတ်(၃)အခြေခံ ပညာဦးစီးဌာနမှ ဦးစီးအရာရှိ(ကာယ/ကျောင်းကျန်းမာ) ဦးအေးမင်းက ကျေးဇူးတင်စကား ပြောကြားကာ ဆုရရှိသူများအား ဆုများကို ပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကာယဗလ/ကာယအလှ)

ကညွတ်ကွင်း၌ ဘောလုံးပြိုင်ပွဲ ဆုပေးအပ်

ကညွတ်ကွင်း ဧပြီ ၁၂

ပဲခူးတိုင်းဒေသကြီး ကညွတ်ကွင်းမြို့၌ (၁၂)ကြိမ်မြောက် ကျေးရွာအုပ်စု ၂၁ အုပ်စု ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ကညွတ်ကွင်း အားကစားကွင်း၌ ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

ယင်းဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ T.Z.T.M ဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်း ဒါရိုက်တာ ဦးထွန်းမြင့်၊ မြို့မိမြို့ဖ ဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များတက်ရောက်ကြသည်။ ဆက်လက်၍ ပထမရရှိသော မြင်ပင်ကျေးရွာဘောလုံးအသင်းအား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်က ဆုကြေးငွေခုနစ်သိန်းနှင့် ဆုကလပ်၊ ဒုတိယရရှိသော တုရားလဟာ ဘောလုံးအသင်းအား ဒုတိယဗိုလ်မှူးကြီးသူရလှိုင်ထွန်းဦးနှင့် တတိယရရှိသော ရေပြာဘောလုံးအသင်းတို့အား T.Z.T.M ကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာဦးထွန်းမြင့်တို့က ဆုကြေးငွေသုံးသိန်းနှင့် ဆုကလပ်ကို ပေးအပ်ပြီး အကောင်းဆုံးဆုရအသင်းနှင့် တစ်ဦးချင်းထူးချွန်ဆုရရှိသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၅၂၁)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်မြို့ Royal Mingalardon Golf & Country Club(RMGCC)၌ Mr.Lim Chun Sikသည် မတ် ၁၉ ရက်က ကစားဖော်များဖြစ်ကြသော Mr.Yang Jin Ku, Mr.Ki Hak Sun, Mr.Sim Bong Seab တို့နှင့်အတူ ကစားစဉ် Titleist(3) ဘောလုံးကို Hormawood(3)တုတ်ဖြင့် ရိုက်လိုက်ရာ ၁၉၄ ကိုက်အကွာမှ ကျင်းအမှတ်(၄)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(ကြေးမုံ)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၂

ရန်ကုန်မြို့ Royal Mingalardon Golf & Country Club(RMGCC)၌ Mr.Gerald သည် ဧပြီ ၂ ရက်က ကစားဖော်များဖြစ်ကြသော Mr.Joko, Mr. Johny, Mr.Didit တို့နှင့်အတူ ကစားစဉ် Titleist(2)ဘောလုံးကို P.W.Titleist တုတ်ဖြင့်ရိုက်လိုက်ရာ ၁၃၅ ကိုက်အကွာမှ ကျင်းအမှတ်(၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။

(ကြေးမုံ)

ဂျကာတာတွင်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာစစ်တုရင်

မြန်မာ့ရိုးရာစစ်တုရင်ကို တိုးတက်ထွန်းကားအောင် ဆောင်ရွက်ရင်း မြန်မာနိုင်ငံမှ ကျော်လွန်၍ အာဆီယံဒေသ အတွင်း ပျံ့နှံ့အောင် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်အနေဖြင့် ကြိုးပမ်းလျက်ရှိရာ မြန်မာ့ရိုးရာ စစ်တုရင်ကစားနည်းကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ(၂၀၁၁)တွင် အာဆီယံစစ်တုရင်(ASEAN-Chess)ဟု အမည်ပေးကာ ထည့်သွင်းကျင်းပရန် အတည်ပြုခဲ့သည်။

အာဆီယံစစ်တုရင်ကစားနည်းအတွက် စည်းမျဉ်းဥပဒေများရေးဆွဲရန် အာဆီယံစစ်တုရင်ကောင်စီ အစည်းအဝေး တစ်ရပ်ကို မတ် ၁၄ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ဦးဆောင်ဆွေးနွေးပြီး အာဆီယံစစ်တုရင်ကစားနည်း ဥပဒေများကို ရေးဆွဲအတည်ပြုခဲ့သည်။

ကစားကောင်များမှာ မြန်မာ့ရိုးရာစစ်တုရင်အတိုင်းဖြစ်ကာ ဆင်၊ မြင်း၊ ရထား၊ နယ်၊ မင်းကြီး၊ စစ်ကဲတို့၏ ရွှေ့ကွက်များမှာလည်း မြန်မာ့ရိုးရာအတိုင်း ဖြစ်သည်။

ရေးဆွဲအတည်ပြုပြီးသော အာဆီယံစစ်တုရင်ကစားနည်းနှင့် ဥပဒေများကို အာဆီယံနိုင်ငံများ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာအစ်နေးရှုပ်လီယွန်က လက်မှတ်ရေးထိုးကာ အာဆီယံနိုင်ငံအသီးသီးသို့ ဖြန့်ဝေခဲ့သည်။

အာဆီယံစစ်တုရင်ကစားနည်း၏ ပထမဦးဆုံးသော ကစားပွဲကို ဦးမောင်မောင်လွင်နှင့် မစ္စတာပရာကျော့နီမစ်ယွန်စကူး(ထိုင်း)တို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မစ္စတာလီယွန်က ဒိုင်အဖြစ်ဆောင်ရွက်ခဲ့ရာ ရွှေ့ကွက် ၆၀ တွင် သရေဖြစ်ခဲ့သည်။

ကစားခုံနှင့် အရုပ်များကို အပြည်ပြည်ဆိုင်ရာ စစ်တုရင်ခုံနှင့် အရုပ်များကိုပင် အသုံးပြုမည်ဖြစ်သည်။ သို့ဖြစ်ရာ ဘုန်းကြီး(Bishop)အရုပ်ကို ဆင်အဖြစ် အသုံးပြုပြီး မိဖုရား(Queen)အရုပ်ကိုမူ မိဖုရားအဖြစ်ပင် ဆက်လက်ခေါ်ဆိုသော်လည်း ရွှေ့ကွက်ကိုမူ စစ်ကဲအတိုင်း သတ်မှတ်သည်။

နယ်များကို တတိယတန်းတွင် နေရာချထားပြီး ကျန်ကစားကောင်များမှာ ပထမတန်းတွင် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အတိုင်း ဖြစ်သည်။

(၁) မိဖုရား(Queen)
နီးကပ်လျက်ရှိသော ထောင့်ဖြတ်လေးကွက်သို့ ရွှေ့နိုင်၊ စားနိုင်သည်။

(၂) ရထား(Rook)
အလျားလိုက် လိုင်း(Rank)များနှင့် ဒေါင်လိုက်လိုင်း (File) များအတိုင်း ရွှေ့ကွက်ကန့်သတ်ချက်မရှိဘဲ ရွှေ့နိုင်၊ စားနိုင်သည်။

(၃) မြင်း(Knight)
ကန့်လန့်ဖြတ်နှင့် ဒေါင်လိုက်မဟုတ်သည့် အနီးဆုံး ထောင့်ဖြတ်ကွက်သို့ ရွှေ့နိုင်၊စားနိုင်သည်။ မိမိ သို့မဟုတ် အခြားတစ်ဖက်မှ ကစားကောင်များကို ခုန်ကျော်သွားနိုင်သည့် တစ်ခုတည်းသော ကစားကောင်ဖြစ်သည်။

(၄) ဆင်(Elephant)
နီးကပ်လျက်ရှိသော ထောင့်ဖြတ် လေးကွက်နှင့် နီးကပ်လျက်ရှိသော ရှေ့တည့်တည့်တစ်ကွက်သို့ ရွှေ့နိုင်၊ စားနိုင်သည်။

(၅) နယ်(Pawn)
မူလနေရာမှစတင်၍ ရှေ့တည့်တည့် တစ်ကွက်သာ ရွှေ့နိုင်ပြီး ရှေ့၊ ဝဲ၊ ယာ ကပ်လျက်ရှိ ထောင့်ဖြတ် နှစ်ကွက်ရှိ ပြိုင်ဘက်ကစားကောင်ကို စားနိုင်သည်။

(၆) မင်းကြီး(King)
ရှေ့၊ နောက်၊ ဝဲ၊ ယာ ထောင့်ဖြတ်ကပ်လျက်အကွက်များသို့ ရွှေ့နိုင်၊ စားနိုင်သည်။



နောက်ဆုံးတန်းဖြစ်သည့် အဋ္ဌမမြောက်အတန်း (8th Rank) သို့ နယ်ရောက်ရှိသွားပါက ရောက်ရာအကွက်တွင် ချက်ချင်းပင် မိဖုရားအဖြစ် တိုးမြှင့်စေသည်။ မိဖုရားရွှေ့ကွက်၊ စားကွက်များ ချက်ချင်းသက်ရောက်သည်။

အထီးကျန်မင်းကြီးကို မင်းကြီး + ရထားဖြင့် လိုက်ပါက ၁၆ ကွက်၊ မင်းကြီး + ဆင်+ မိဖုရားဖြင့် လိုက်ပါက ၄၄ ကွက်၊ မင်းကြီး + မြင်း + မိဖုရားဖြင့် လိုက်ပါက ၆၄ ကွက်ဖြင့် အမိဖမ်းနိုင်ခြင်းမရှိပါက သရေသတ်မှတ်သည်။

အခြားအခြေအနေများအတွက် ရွှေ့ကွက် ၅၀ ဖြစ်သည်။

အပ်ကွက် (Stale Mate) နှင့် ခွေသံမစဲ (Perpectual Check) များအတွက် သရေသတ်မှတ်သည်။

နယ်ကျော်စားနှင့် ရထားပြောင်းပြုလုပ်ခွင့်မရှိ။

အနေအထားတူ သုံးကြိမ် သရေတောင်းခြင်း ခွင့်မပြု။

ရွှေ့ကွက်များကို အက္ခရာသင်္ချာသင်္ကေတစနစ် (Algebraic notation) ဖြင့် ရေးမှတ်ရမည်ဖြစ်သည်။

ကစားကောင်တစ်ကောင်ချင်းစီကို သက်ဆိုင်ရာအမည်၏ ပထမစာလုံးဖြင့် သင်္ကေတပြုသည်။ ဘုရင် (King) = k, မိဖုရား (Queen)= Q, ရထား(Rook)=R, ဆင် (Elephant) = E, မြင်း (Knight) = N, နယ် (Pawn) အတွက် ပထမစာလုံး သုံးရန်မလို။ ရှေ့တွင် သင်္ကေတဖော်ပြခြင်းမရှိဘဲ အက္ခရာသင်္ချာစနစ်ဖြင့်သာ ရေးသားသည်။

ဒေါင်လိုက်တန်း (File) များကို အဖြူ၏ လက်ဝဲဘက်မှ လက်ယာဘက်သို့ a,b,c,d,e,f,g,h ဟု အင်္ဂလိပ်အက္ခရာ စာလုံးသေးဖြင့် သတ်မှတ်သည်။

အလျားလိုက်တန်း (rank) များကို အဖြူဘက်မှ အမည်းဘက်သို့ 1,2,3,4,5,6,7,8 ဟု သတ်မှတ်သည်။

စစ်တုရင်ခုံမှ စတုရန်းကွက် ၆၄ ကွက်စလုံးတွင် စတုရန်းကွက် တစ်ခုချင်းစီ၌ သီးခြားသတ်မှတ်ပေးထားသည့် အက္ခရာနှင့် နံပါတ်တစ်ခုစီရှိသည်။

ကစားကောင် ရွှေ့ကွက်ကို ကစားကောင် သင်္ကေတနှင့် ရွှေ့မည့်အကွက် ဆက်ရေးပြီး ဖော်ပြသည်။ (ဥပမာ- မိဖုရား e5 သို့ ရွှေ့ခြင်း= Qe5) နယ်များအတွက်မူ နောက်ဆုံး ရောက်ရှိ အကွက်ကိုသာ ဖော်ပြသည်။ (ဥပမာ-နယ် e4 သို့ ရွှေ့ခြင်း=e4)

မြန်မာ့ရိုးရာစစ်တုရင်ကို အခြေခံသည့် အာဆီယံစစ်တုရင်ကို အတည်ပြု ပြဋ္ဌာန်းလိုက်ပြီဖြစ်ရာ နောင်ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် စစ်တုရင် အားကစားနည်း ထည့်သွင်းကျင်းပသည့်အခါ အပြည်ပြည်ဆိုင်ရာ စစ်တုရင်နှင့် ယှဉ်တွဲလျက် အာဆီယံစစ်တုရင်ပါ ပါဝင်လာတော့မည်ဖြစ်သည်။ မြန်မာ့ရိုးရာ စစ်တုရင် အားကစားသမားများအတွက် လက်စွမ်းပြကာ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် အခွင့်အရေးတစ်ရပ်ပင်။ ။

မောင်မောင်လွင်(စစ်တုရင်)

CALTEX,AP စက်ဆီ/ချောဆီအရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၂

Aung Thein Than Co.,Ltd. က တင်သွင်းဖြန့်ချိသည့် CALTEX,AP အမှတ်တံဆိပ်ပါ (စက်ဆီ/ချောဆီ)၊ Auto Parts, Auto Equipments ပစ္စည်းများကို ဇွန်လမှ ဒီဇင်ဘာလအတွင်း အထူးအရောင်းမြှင့်တင်ရေးကာလ၌ ရောင်းချနိုင်ခဲ့သူ အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုသည့် Distributor Dinner Party 2011 အခမ်းအနားကို ဧပြီ ၉ ရက် ညနေတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ SEDONA HOTEL ၌ ကျင်းပသည်။

အခမ်းအနားတွင် Aung Thein Than Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးထွန်းက အရောင်းမြှင့်တင်ရေးကာလအတွင်း ရောင်းအားအမြင့်ဆုံးရောင်းချနိုင်ခဲ့သည့် အရောင်းကိုယ်စားလှယ်ကြီး ၁၉ ဦးတို့အား ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံသို့ အပန်းဖြေနှင့်လေ့လာရေးခရီးစဉ်အတွက် ရွေးချယ်ပေးသည်။ဆက်လက်၍ ကျန်ရှိသူ အရောင်းကိုယ်စားလှယ် ၂၃၀ တို့အား REFRIGERATOR, WASHING MACHINE, SAMSUNG 22" LCDTV, AIR COOLER တို့ ပါဝင်သည့် လက်ဆောင်ဆုများကို ပေးအပ်သည်။

Aung Thein Than Co.,Ltd. က ဖြန့်ချိလျက်ရှိသည့် ပစ္စည်းများကို မှာယူလိုပါက အမှတ်(၆၄) ဗဟိုလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၇၂၀၃ နှင့် ၅၂၇၀၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ပအားကစားသတင်းများ

အန်ဖီးလ်တွင် လီဗာပူးခြေစွမ်းပြပြီး မန်စီးတီးကို အနိုင်ယူ

လီဗာပူး ဧပြီ ၁၂

ပရီမီယာလိဂ်ပွဲစဉ် (၃၂)၏ လက်ကျန်ပွဲဖြစ်သည့် လီဗာပူးနှင့် မန်စီးတီးတို့ပွဲကို အင်္ဂါနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ လီဗာပူးက အိမ်ကွင်းအန်ဖီးလ်တွင် ခြေစွမ်းပြပြီး သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရသွားသည်။

လီဗာပူးတွင် ခြေစွမ်းပြပြီး နှစ်ဂိုးသွင်းပေးခဲ့သည့် ကာရိုး။

လီဗာပူးတွင် ရေနာ၊ ကာရေဂါ၊ စကာတယ်၊ မီယာလစ်၊ လူးကပ်စ်၊ ဒရက်ကောက်၊ ဆွာရက်ဇ်နှင့် ကာရိုးတို့ ပါဝင်ခဲ့ပြီး မန်စီးတီးတွင် ဂျိုးဟတ်၊ ကွန်ပနီ၊ လက်စကော့၊ မေလ်နာ၊ ဂျွန်ဆင်၊ ဘယ်ရီ၊ ယာယာတိုရေး၊ ဒီဇီကိုနှင့် တီဗက်ဇ်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ မန်စီးတီးလူစုံခဲ့သော်လည်း လီဗာပူး၏ အမြန်နှုန်းတင်ကစားမှုကို မထိန်းနိုင်ဘဲ ပထမပိုင်းမှာပင် သုံးဂိုး ပေးလိုက်ရသည်။

မန်စီးတီးအတွက် ဂိုးများကို ပွဲချိန် ၁၃ မိနစ်နှင့် ၃၅ မိနစ်တို့တွင် ကာရိုးနှင့် ၃၄ မိနစ်တွင် ဒရက်ကောက်တို့က သွင်းယူခဲ့ကြသည်။ ယခုပွဲတွင် မန်စီးတီး တိုက်စစ်မှူး တီဗက်ဇ်တံကောက်ကြောဒဏ်ရာ ရခဲ့၍ ပွဲချိန် ၁၆ မိနစ်တွင် ဘာလော့တယ်လီနှင့် လူစားလဲလိုက်ရသည်။ ***အင်တာနက်။***

ပြည်ပအားကစားသတင်းများ

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
	ပွဲစဉ် (၃၂)အပြီး အသင်းများ၏ ရပ်တည်မှု					
၁	မန်ယူ	၃၂	၂၀	၉	၃	၆၉
၂	အာဆင်နယ်	၃၁	၁၈	၈	၅	၆၂
၃	ချယ်လ်ဆီး	၃၁	၁၇	၇	၇	၅၈
၄	မန်စီးတီး	၃၂	၁၆	၈	၈	၅၆
၅	စပါး	၃၁	၁၄	၁၁	၆	၅၃
၆	လီဗာပူး	၃၂	၁၄	၆	၁၂	၄၈
၇	အဲဗာတန်	၃၂	၁၀	၁၄	၈	၄၄
၈	ဘော်လ်တန်	၃၂	၁၁	၁၀	၁၁	၄၃
၉	နယူးကာဆယ်	၃၂	၁၀	၉	၁၃	၃၉
၁၀	ဝက်စ်ဘရွန်း	၃၂	၁၀	၉	၁၃	၃၉
၁၁	ဖူလ်ဟမ်	၃၂	၈	၁၄	၁၀	၃၈
၁၂	စတုတ်စီးတီး	၃၂	၁၁	၅	၁၆	၃၈
၁၃	ဆန်းဒါးလန်း	၃၂	၉	၁၁	၁၂	၃၈
၁၄	ဗီလာ	၃၂	၉	၁၀	၁၃	၃၇
၁၅	ဘလက်ဘန်း	၃၂	၉	၈	၁၅	၃၅
၁၆	ဘာမင်ဂမ်	၃၁	၇	၁၄	၁၀	၃၅
၁၇	ဘလက်ပူး	၃၂	၉	၆	၁၇	၃၃
၁၈	ဝက်စ်ဟမ်း	၃၂	၇	၁၁	၁၄	၃၂
၁၉	ဝုလ်ဗာဟမ်တန်	၃၂	၉	၅	၁၈	၃၂
၂၀	ဝီဂန်	၃၂	၆	၁၃	၁၃	၃၁

တီဗက်ဇ် တံကောက်ကြောဒဏ်ရာရ မန်ယူနှင့်ကစားရမည့် အက်ဖ်အေဆီမီးပွဲ လွဲချော်မည်

မန်ချက်စတာ ဧပြီ ၁၂

မန်စီးတီးအသင်း တိုက်စစ်မှူး တီဗက်ဇ်သည် အင်္ဂါနေ့ နံနက်ပိုင်းက လီဗာပူးအသင်းကို သုံးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲတွင် တံကောက်ကြောဒဏ်ရာ ရသွားသည်။ အဆိုပါ ဒဏ်ရာကြောင့် တီဗက်ဇ်သည် နှစ်ပတ်ခန့် နားရဖွယ်ရှိနေခြင်းကြောင့် လာမည့် ဧပြီ ၁၆ ရက် (စနေနေ့) တွင် ဝင်ဘလေကွင်း၌ မန်ယူအသင်းနှင့် ကစားရမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်ပွဲကို လွဲချော်ရတော့မည်ဟု အသင်းနည်းပြ မန်စီနီက ဆိုသည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၂)အပြီးတွင် ရမှတ် ၅၆ မှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသည့် မန်စီးတီးသည် ရာသီကုန်တွင် ချန်ပီယံလိဂ် တိုက်ရိုက်ဝင်ခွင့်ရရေး ကြိုးပမ်းရဦးမည် ဖြစ်သကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဆုဖလားရယူရန် လက်တစ်ကမ်းသာလိုတော့သည့် အနေအထားတွင် ရှိနေသည်။ ဤကဲ့သို့ အခြေအနေမျိုးတွင် အသင်းအတွက် အားထားရသည့် တိုက်စစ်မှူးတစ်ဦး ဒဏ်ရာရသွားခြင်းမှာ မန်စီးတီးအတွက် နစ်နာလှသည်။ ***အင်တာနက်။***

အာဆင်နယ်အသင်း၏ အစုရှယ်ယာအလုံးစုံကို ဝယ်ယူရန် ကြိုးပမ်းလာသည့် စတန်ခရွန်ကီ။

တံကောက်ကြော ဒဏ်ရာရသွားသည့် တီဗက်ဇ်။

အာဆင်နယ်အသင်းကို အမေရိကန်သူဌေး စတန်ခရွန်ကီပိုင်တော့မည်

လန်ဒန် ဧပြီ ၁၂

အာဆင်နယ်အသင်း၏ အစုရှယ်ယာ ဒုတိယအများဆုံးပိုင်ဆိုင်ထားသည့် ရုရှားသူဌေး အူစမန်နော့ဗ်က ၎င်း၏ အစုရှယ်ယာများကို အမေရိကန်စီးပွားရေး လုပ်ငန်းရှင် စတန်ခရွန်ကီထံ ရောင်းချရန် သဘောတူညီမှုရရှိခဲ့ပြီဟု ဆိုသည်။

အသက်(၆၃)နှစ်ရှိ စတန်ခရွန်ကီသည် Kroenke Sports Enterprises(KSE) ကုမ္ပဏီပိုင်ရှင်ဖြစ်ပြီး အမေရိကန်ရှိ ဒင်ဗာ နတ်ဂတ်ဘတ်စကက်ဘောအသင်း၊ NHL အသင်း ကော်လိုရာဒို၊ NFL အသင်း စိန့်လူးဝစ်နှင့် မေဂျာလိဂ်အသင်း ကော်လိုရာဒိုရက်ပစ်အသင်းများကို ပိုင်ဆိုင်ထားသူဖြစ်သည်။

စတန်ခရွန်ကီသည် ယခုအချိန်တွင် ရုရှားသူဌေး အူစမန်နော့ဗ်ထံမှ ရှယ်ယာ ၂၇ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ဖြစ်သည်ဟုဆိုသည်။ ယင်းအပြင် အာဆင်နယ်အသင်း၏ အခြားအစုရှယ်ယာရှင်များထံမှလည်း ရှယ်ယာများကို ဝယ်ယူရန် ကမ်းလှမ်းလျက်ရှိနေသည်။ ၎င်းသည် အူစမန်နော့ဗ်ပိုင်ဆိုင်သည့် ရှယ်ယာအားလုံးကို ပေါင်သန်း ၂၄၀ ခန့်ဖြင့် အပြီးသတ်ဝယ်ယူနိုင်တော့မည် ဖြစ်ခြင်းကြောင့် အာဆင်နယ်အသင်းကို တစ်ဦးတည်းပိုင်အဖြစ် ထိန်းချုပ်နိုင်တော့မည်ဖြစ်သည်။ စတန်ခရွန်ကီသာ အာဆင်နယ်အသင်းကို ပိုင်ဆိုင်သွားပါက အာဆင်နယ်အသင်းသည် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များ၏ ထိန်းချုပ်မှုအောက်ကို ရောက်သွားသည့် ပဥ္စမမြောက် ပရီမီယာလိဂ်အသင်းတစ်သင်း ဖြစ်လာမည်ဖြစ်သည်။ ***အင်တာနက်။***

တောင်ပိုင်းဒေသများ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ချောင်းဆုံမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ သထုံမြို့တွင် သုည ဒသမ ၉၀ လက်မ၊ ပေါင်မြို့တွင် သုည ဒသမ ၆၈ လက်မနှင့် လှိုင်လင်မြို့တွင် သုည ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက် ။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

စပါး-ရီးယဲလ်၊ ရှော်ကေး-အင်တာတို့ ပြိုင်ဆိုင်မှုပြင်းထန်လာဦးမည့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ ဒုတိယနေ့ ပွဲစဉ်များ

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့၏ ဒုတိယနေ့ပွဲစဉ်များတွင် ပထမအကျော့က ရှုံးထားကြသည့် အင်တာမီလန်နှင့် စပါးတို့ ခြေကုန်ထုတ် ရုန်းကန်လာကြမည်ဖြစ်ခြင်းကြောင့် ပြိုင်ဆိုင်မှုက ပြင်းထန်လာဦးမည်ဖြစ်သည်။

၁၄-၄-၂၀၁၁ (ကြာသပတေးနေ့)

နံနက် ၁း၁၅ နာရီ

စပါး-ရီးယဲလ်မက်ဒရစ်

ပထမအကျော့ စပိန်မြေ ဘာနေဗျူးတွင် ဆုံတွေ့ခဲ့စဉ် ရီးယဲလ်မက်ဒရစ်အသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရထားသည်။ ထိုပွဲတွင် စပါးတိုက်စစ်မှူး ပီတာခရော့ချ် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံထားရ၍ ယခုပွဲတွင် ပါဝင်မည်မဟုတ်ပေ။ သို့သော် စပါးတွင် ဒီဖိုး၊ ပတ်လူချန်ကို၊ ဂါရတ်ဘေးလ်၊ လင်နွန်၊ ဂျီးနပ်စ်၊ ဗန်ဒါဗက်၊ မော့ဒရစ်၊ ဒေါ်ဆင်နှင့် ဂါးလက်စ်တို့ဖြင့် လူစုံနေသည်။

အင်အားတောင့်တင်း

ထို့အတူ ရီးယဲလ်မက်ဒရစ်တွင်လည်း ကာကာ၊ စီရော်နယ်ဒို၊ အဒီဘာယော၊ အိုဇေးလ်၊ ဒီမာရီယာ၊ အလွန်ဆို၊ မာဆယ်လို စသည့် အဓိကကစားသမားများ ကြံ့ခိုင်မှုအပြည့်အဝ ရှိနေသည်။ နောက်တန်းတွင် ပီပီ ပွဲပယ်ပြစ်ဒဏ်ထိထားသော်လည်း ကာပယ်ဟိုနှင့် ရာမို့စ်တို့ အကောင်းဆုံးပုံစံတွင် ရှိနေသည်။ ထို့ကြောင့် ဘက်စုံထောင့်စုံတွင် အင်အားတောင့်တင်းပြီး အကောင်းဆုံး အနေအထားကို ပိုင်ဆိုင်ထားသည့် ရီးယဲလ်မက်ဒရစ်ကို ငါးဂိုးပြတ်သွင်းပြီး ဆီမီးဖိုင်နယ်တက်ရန်မှာ စပါးအတွက် မည်သို့မျှ မဖြစ်နိုင်ပေ။

ရာနှုန်းများ

စပါးအသင်းက အိမ်ကွင်းတွင် မာမာထန်ထန် တုံ့ပြန်လာမည်ဖြစ်သော်လည်း ခေါင်းတိုက်ကောင်းသည့် အဒီဘာယောက ပရီမီယာလိဂ်အသင်းများ၏ အထာကို ကောင်းကောင်းသိနေသည်။ ထို့ကြောင့် ခံစစ်ကစားပုံ လျော့တိလျော့ရဲ နိုင်လှသည့်စပါး အိမ်ကွင်းတွင် ရီးယဲလ်မက်ဒရစ်ကို ထပ်မံဂိုးပေးရဦးမည် ဖြစ်သည်။ ဤပွဲသည် သရေကျရန် ရာနှုန်းများနေပြီး အနိုင်ဆိုလျှင် ဧည့်သည် ရီးယဲလ်မက်ဒရစ်ကို ရွေးလိုသည်။

ရှော်ကေး-အင်တာမီလန်

လက်ရှိချန်ပီယံ အင်တာမီလန်အသင်းသည် ပထမအကျော့က အိမ်ကွင်းတွင် ငါးဂိုး-နှစ်ဂိုးဖြင့် အရှက်တကွဲ အရှုံးပေးခဲ့ရသည်။ ထို့ကြောင့် ယခု ဒုတိယအကျော့တွင် အင်တာမီလန်အနေဖြင့် လေးဂိုးပြတ် သွင်းနိုင်ပါမှ နောက်တစ်ဆင့်တက်မည်ဖြစ်ခြင်းကြောင့် မျှော်လင့်ချက်က မှေးမှိန်လှသည်။

ဟန်သစ်

အင်တာမီလန်အသင်းတွင် ချီဗူး ပွဲပယ်ပြစ်ဒဏ်ထိထားသော်လည်း အီတူး၊ မီလီတို၊ ကမ်ဘီယာဆို၊ ရှနိုက်ဒါ၊ မိုင်ကွန်စသည့် ထိပ်တန်းကစားသမားများ ရှိနေသေးသည်။ သို့သော် ရှော်ကေးအသင်းမှ အူချီတာ၊ ဘန်ဂျီဟမ်၊ ဂျူရာဒို၊ ဂွန်ဆယ်ဗက်စ်၊ ဖာဖန်နှင့် ဝါရင့်တိုက်စစ်မှူး ရာအူးလ်တို့ကလည်း စုစည်းမှုအားကောင်းနေသည်။ ယခုပွဲတွင် အင်တာမီလန် အသာစီးရယူနိုင်သော်လည်း ပွဲအပြီးတွင် ရှော်ကေးကသာ နှစ်ကျော့ပေါင်း ရလဒ်အသာဖြင့် ဆီမီးဖိုင်နယ်ကို တက်သွားနိုင်ဖွယ်ရာ ရှိနေသည်။

စပါးတောင်ပံကစားသမား ဂါရတ် ဘေးလ်နှင့် ရီးယဲလ်မက်ဒရစ် တောင်ပံ တိုက်စစ်မှူး စီရော်နယ်ဒို။

(13-4)11.pmd 1 4/13/2011, 3:00 AM

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

ကျန်းမာရေးအတွက် ဆေးတစ်ခွက်

လက်ဖက်စိမ်းရည်သောက်ပြီး ထိုက်ချီနေ့စဉ်ကစားလျှင် သက်ကြီးအမျိုးသမီးများ၏ အရိုးများပိုမိုကြံ့ခိုင်လာနိုင်

လောစ်အိန်ဂျလိစ် ဧပြီ ၁၂

လက်ဖက်စိမ်းရည်သောက်ခြင်းနှင့် ထိုက်ချီခေါ် တရုတ်ရိုးရာကိုယ်လက်လှုပ်ရှားကစားခြင်းတို့သည် မီးယပ်သွေးဆုံးအရွယ် အမျိုးသမီးကြီးတို့၏ အရိုးနှင့်ပတ်သက်သော ကျန်းမာရေးကို ပိုမိုမြှင့်တင်ပေးနိုင်ဖွယ်ရှိသည့်အပြင် ရောင်ရမ်းမည့် အလားအလာများကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း လေ့လာတွေ့ရှိချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တက္ကဆက်နည်းပညာတက္ကသိုလ် ကျန်းမာရေးသိပ္ပံဗဟိုရှိ အမျိုးသမီးများကျန်းမာရေးအင်စတီကျူမှ သုတေသီများက ဦးဆောင်သည့် အဆိုပါလေ့လာမှုကို သက်ကြီးအမျိုးသမီးများအား အဓိကဦးတည်၍ လက်ဖက်စိမ်းရည်သောက်ခြင်းနှင့် ထိုက်ချီကစားခြင်းတို့ ပေါင်းစပ်ခြင်းအားဖြင့် မီးယပ်သွေးဆုံးအရွယ် အမျိုးသမီးများ၏ အရိုးများကြံ့ခိုင်သန်မာမှု အလားအလာကို စူးစမ်းလေ့လာခဲ့ခြင်းဖြစ်သည်။

အရင်းမူလအားဖြင့် တရုတ်ရိုးရာကိုယ်ခံပညာတစ်ရပ်ဖြစ်သော ထိုက်ချီသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။ ဖြည်းညှင်းညင်သာစွာ ရွေ့လျားလှုပ်ရှားခြင်းအားဖြင့် ကြံ့ခိုင်မှုနှင့် ပျော့ပျောင်းမှုတို့ကိုရယူနိုင်ပြီး နက်နက်ရှိုင်းရှိုင်းအသက်ရှူခြင်းနှင့် အနားယူဖြေလျှော့နိုင်ခြင်းအားဖြင့် ခန္ဓာကိုယ်အတွင်းရှိ စွမ်းအင်(သို့မဟုတ်)ချီဓာတ်ကို ထွက်ပေါ်လာစေနိုင်မည်ဟုဆိုသည်။ အဆိုပါ လေ့လာမှုကို ပျမ်းမျှ အသက် ၅၇ နှစ်အရွယ်ရှိ အရိုးအားနည်းချက်ရှိသော အမျိုးသမီး ၁၇၁ ဦးကို အုပ်စုလေးစုခွဲကာ ခြောက်လကြာလေ့လာခဲ့ခြင်းဖြစ်သည်။ လေ့လာမှုရလဒ်များအရ နေ့စဉ်လက်ဖက်စိမ်းရည်လေးခွက်မှ ခြောက်ခွက်အထိ သောက်ပြီး ထိုက်ချီကစားသူများမှာ သုံးလမှ ခြောက်လအတွင်း အရိုးကျန်းမာရေးကို မြှင့်တင်နိုင်ခဲ့ပြီး ကြွက်သားများလည်း သန်စွမ်းလာသည်ကို တွေ့ရသည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

✻ ကျောဖုံးမှ

လမ်းပြမြေပုံစနစ်ကို တရုတ်သိပ္ပံပညာရှင်များက တည်ဆောက်နေကြပြီ ဖြစ်သည်။ တရုတ်နိုင်ငံသည် လမ်းပြမြေပုံစနစ်ကို ဖော်ထုတ်နိုင်ရန် ဂြိုဟ်တုကွန်ရက်ကို တည်ဆောက်လျက်ရှိရာ အဋ္ဌမမြောက် နေဗီဂေးရှင်း(navigation) ဂြိုဟ်တုတစ်လုံးကို ဧပြီ ၁၀ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ပြီဖြစ်သည်။

မော်တော်ယာဉ်၊ သင်္ဘော၊ လေယာဉ်နှင့် အာကာသယာဉ်များ မောင်းနှင်သွားလာရာတွင် ဂြိုဟ်တုနှင့် ချိတ်ဆက်နိုင်သောကွန်ပျူတာဖြင့် လမ်းပြမြေပုံကို ကြည့်ရှုနိုင်ရန် ဂြိုဟ်တုကွန်ရက်သုံး လမ်းပြမြေပုံစနစ်က ဝန်ဆောင်ပေးမည်ဖြစ်သည်။

ဘေဒူး သို့မဟုတ် ကွန်ပါဟု အမည်ပေးထားသော နေဗီဂေးရှင်းဂြိုဟ်တုအား တင်ဆောင်ထားသော လောင်းမတ်ချ်-၃ အေ အမျိုးအစား အာကာသဒုံးပျံယာဉ်ကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း ဆီချွမ်ပြည်နယ်ရှိ စီချန်းဂြိုဟ်တုလွှတ်တင် ရေးစခန်းမှ ဧပြီ ၁၀ ရက် နံနက် ၄ နာရီ ၄၇ မိနစ်တွင် လွှတ်တင်ခဲ့သည်။

ဘေဒူးအမည်ရှိ နေဗီဂေးရှင်းဂြိုဟ်တုသည် ကွန်ရက်စနစ်ဖွဲ့စည်းနိုင်ရန် ဂြိုဟ်တုပတ်လမ်းကြောင်းအတွင်း ရောက်ရှိနေပြီဖြစ်သော အခြားဂြိုဟ်တုခုနစ်လုံးနှင့် ပေါင်းစည်းမည်ဖြစ်သည်။ တရုတ်နိုင်ငံက တည်ဆောက်နေဆဲဖြစ်သော ဂြိုဟ်တုကွန်ရက်တွင် အနာဂတ်ကာလ၌ ဂြိုဟ်တုအလုံး ၃၀ အထိ ပါဝင်ဖွဲ့စည်းမည်ဖြစ်သည်။

တရုတ်နိုင်ငံက တည်ဆောက်နေသော လမ်းပြမြေပုံစနစ်ဆိုင်ရာ ဂြိုဟ်တုကွန်ရက်ကို ဒေသတွင်းရှိ နိုင်ငံများက လာမည့် နှစ်နှစ်မှစ၍ အသုံးပြုနိုင်မည်ဖြစ်ပြီး နိုင်ငံတကာ လမ်းပြမြေပုံ ဝန်ဆောင်လုပ်ငန်းကို ၂၀၂၀ ခုနှစ်ထက်နောက်မကျဘဲ တရုတ်နိုင်ငံက လုပ်ဆောင်နိုင်မည်ဟု ရည်မှန်းကြောင်း စီချန်းဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်တာနက်။

မတ်လအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု(၁၃၈)ကြိမ်ဖြစ်ပွားခဲ့

ရန်ကုန် ဧပြီ ၁၂

မတ်လအတွင်း နိုင်ငံတစ်ဝန်း၌ မီးလောင်မှု(၁၃၈)ကြိမ်ဖြစ်ပွားခဲ့ရာတွင် မီးဖိုမီး၊ ပေါ့ဆမီး (၁၀၇)ကြိမ်၊ အလိုအလျောက် ကိုးကြိမ်၊ လျှပ်စစ်မီးငါးကြိမ်၊ မသမာသူရှို့မီး ကိုးကြိမ်နှင့် တောမီး ရှစ်ကြိမ် ပါဝင်သည်။

အိမ်ခြေအဆောက်အအုံ ၇၆၇ လုံးနှင့် ဂိုဒေါင်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည် ၃၆၄၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ကာ လူခုနစ်ဦးသေ၊ ငါးဦး ဒဏ်ရာရရှိခဲ့သည်။

မီးလောင်မှု(၁၃၈)ကြိမ်တွင် ပေါ့ဆမီး (၁၀၇)ကြိမ်ပါဝင်သဖြင့် မီးကိုမဆင်မခြင် ပေါ့ဆစွာသုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၇၇ ဒသမ ၅၄ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရသည်။

မီးလောင်မှုအကြိမ်များကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆန်းစစ်ကြည့်ရာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အကြိမ်အများဆုံး၊ မကွေးတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် ကချင်ပြည်နယ်၌ တတိယအများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရပြီး မီးလောင်ဆုံးရှုံးမှုတန်ဖိုးများကို ဆန်းစစ်ကြည့်ရာ ရခိုင်ပြည်နယ်၌ ဆုံးရှုံးမှုအများဆုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ဒုတိယအများဆုံးနှင့် မကွေးတိုင်းဒေသကြီး၌ တတိယ အများဆုံးဖြစ်သည်။

မီးလောင်မှုအကြိမ် အများဆုံးဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဖြစ်ပွားခဲ့သော မီးလောင်မှု (၃၆)ကြိမ်အနက် (၃၁)ကြိမ်မှာ မီးဖိုမီးအပါအဝင် ပေါ့ဆမှုကြောင့် လောင်ကျွမ်းရသော မီးများဖြစ်သည်။

မီးလောင်မှု (၁၃၈)ကြိမ် ဖြစ်ပွားခဲ့သည့်အနက် ကျေးရွာမီးလောင်မှု (၅၇)ကြိမ်ဖြစ်ပွားခဲ့ရာ မီးလောင်မှုအကြိမ် စုစုပေါင်း၏ ၄၁ ဒသမ ၃ ရာခိုင်နှုန်းခန့် ပါဝင်ခဲ့သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူအများ လိုက်နာဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေး အတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေအကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှု အားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေသေးကြောင်း၊ ယခုအခါ ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ပွင့်လင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှစတင်သော မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးသတိပေးချက်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မတ်လအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀ တရားခံ ၄၀၅ ဦး ဖမ်းဆီးအရေးယူခဲ့

နေပြည်တော် ဧပြီ ၁၂

၂၀၁၁ခုနှစ် မတ်လအတွင်း နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၆၀ ဖမ်းဆီးနိုင်ခဲ့ရာ ဘိန်းဥ၃မှု အလေးချိန် ၄၄ ဒသမ ၄၉၆၈ ကီလို၊ ဘိန်းဖြူ ၇၅မှု အလေးချိန် ၁ ဒသမ ၉၆၇၂ ကီလို၊ ဘိန်းဆီ ၁၁မှု၊ အလေးချိန် ၁၀ ဒသမ ၅၇၂၂ ကီလို၊ အဆင့်နိမ့်ဘိန်း ၄၃မှု အလေးချိန် ၁၀၈ ဒသမ ၂၃၆၂ ကီလို၊ ဆေးခြောက် ၁၈မှု အလေးချိန် ၆ ဒသမ ၇၄၂၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၈ မှု ၁၆၆၄၀၈ ပြား၊ ဘိန်းစာမှုန့် လေးမှု အလေးချိန် ၅ ဒသမ ၁၁၅ ကီလို၊ ဘိန်းရည် တစ်မှု အလေးချိန် ၁ လစ်တာ၊ အိုက်(စ်)တစ်မှု အလေးချိန် ၀ ဒသမ ၀၀၆ ကီလို ၊ ဒိုင်ရာဇီပင် တစ်မှု ၁၆၈၄၀ ပြား၊ ဆူဒိုအက်ဖီဒရင်း တစ်မှု ၅၀ကီလို၊ မော်ဖင်းထိုးဆေးတစ်မှု တစ်ပုလင်း၊ ဓာတုဆေးရည်တစ်မှု ၂၈၅၃ လီတာ၊ အခြားအမှုတစ်မှု၊ ပျက် တစ်မှု ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

အမှုပေါင်း ၂၆၀ ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၃၃၉ ဦး၊ မ ၆၆ ဦး စုစုပေါင်း တရားခံ ၄၀၅ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်း မီးဘေးကာကွယ်ရေးလေ့ကျင့်

မော်လမြိုင်ကျွန်း ဧပြီ ၁၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ မြို့မပြည်သူ့ဈေးကြီးမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်ကျွန်းမြို့ မြို့မပြည်သူ့ဈေးကြီး၌ ကျင်းပသည်။

လက်တွေ့သရုပ်ပြသ

ယင်းဇာတ်တိုက် လေ့ကျင့်သရုပ်ပြပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေအောင်၊ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဇော်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဇာတ်တိုက်လေ့ကျင့်ခြင်းများဖြင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြသကြကြောင်း သိရသည်။ (၃၆၄)

မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။ **မီးသတ်ဦးစီးဌာန**

မြို့နယ်တစ်ခွင် သာယာစည်ပင်

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့် တာဝန်ရှိသူများ သန်လျင်မြို့ မြို့မတောင်ရပ်ကွက် သီတာရေမြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုကို စစ်ဆေးစဉ်။



ရေကြည်မြို့နယ် အသုတ် ကျောက်တိုင်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော အိုင့်သနပ်အိုင့်လမ်း ကျေးလက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၂၁ ရက်က အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့ ကွင်းဆင်းစစ်ဆေးစဉ်။

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးနှင့် ငွေဝင်းဈေးကြီးအတွင်း ဈေးသန့်ရှင်းရေး၊ သာယာလှပရေးအတွက် ဈေးရုံများ၏ အမိုးများကို သံဖရိန်များဖြင့် ဆက်စပ်ပြုပြင်နေခြင်းလုပ်ငန်းခွင်သို့ မတ် ၂၈ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြီးကြပ်ဆောင်ရွက်စဉ်။

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို မတ် ၂၄ ရက်က အမှုဆောင်အရာရှိနှင့် လက်ထောက်အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

ရန်ကုန်မြောက်ပိုင်းခရိုင်၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနားကို မတ် ၃၁ ရက်တွင် အထက(၁)မင်္ဂလာဒုံ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးနေလင်း အမှာစကားပြောကြားပြီး တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းစွမ်းဆောင်မှုကောင်းသော မြို့နယ်များနှင့် ကျန်းမာရေးဝန်ထမ်းများအား ဆုများချီးမြှင့်စဉ်။ (၅၃၂)

ရှမ်းပြည်နယ်၏ နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၂

ရှမ်းပြည်နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ် စီမံကိန်းတာဝန် ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၈ ရက် မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန့်စင်ကြိုင်က ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးများအား နှစ်စဉ်စီမံကိန်းတာဝန်များ ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်ဥယျာဉ်အိမ်ရာနေ ဦးမြင့်သိန်း-ဒေါ်အုန်းရီတို့က မတ် ၂၅ ရက်တွင် ကျရောက်သော (၄၁)နှစ်မြောက် မင်္ဂလာအထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဆွမ်းနှင့်ဆေးပဒေသာပင်တို့အတွက် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (ဇီဝိတ)

ကြေးမုံ မြို့နယ် သတင်းများ

မီးဘေးကာကွယ်ရေး အုတ်တွင်း၌ လေ့ကျင့်

အုတ်တွင်း ဧပြီ ၁၂

အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေးရွာရှိ အမှတ်(၆၉)သစ်စက်၌ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ လက်တွေ့ဇာတ်တိုက် လေ့ကျင့်သရုပ်ပြပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းက အဆိုပါသစ်စက်၌ ကျင်းပရာ အုတ်တွင်းမီးသတ်စခန်းတာဝန်ခံနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မီးဘေးကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)** (၄၇၂)

တောင်ငူ၌ ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

တောင်ငူ ဧပြီ ၁၂

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(တောင်ငူ)မှ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပညာပေးဟောပြောပွဲကို မတ် ၂ ရက် နံနက်ပိုင်းက တောင်ငူမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ တောင်ငူမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းမြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။ (၁၂၉)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်လမ်း အောင်ချမ်းသာအိမ်ရာနေ ကွယ်လွန်သူကျေးဇူးရှင်အဘွား ဒေါ်ရင်ရင် (ခ) ဒေါ်သန်းရင် (ပုသိမ်) (၁)နှစ်ပြည့်အားရည်စူး၍ မြေး မနှင်းသန္တာကို (မြန်မာ့လေကြောင်း)က ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ကျောက်ဖြူမြို့နယ် ငလေပွေ့ချောင်း ဒီရေတောအတွင်း ရေငန်ပုစွန်ကျား သားပေါက်များ မျိုးစိုက်ထည့်

ကျောက်ဖြူ ဧပြီ ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သော မြန်မာ့ပင်လယ်ပြင်ရေသယံဇာတ တိုးပွားရေးနှင့် ငါးလုပ်ငန်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မတ် ၁၄ ရက် နံနက်ပိုင်းက ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့ ငလေပွေ့ချောင်းတွင် ရေငန်ပုစွန်ကျားသားပေါက်ကောင်ရေ ၁၅ သိန်းမျိုးစိုက်ထည့်ခြင်း အခမ်းအနားကျင်းပရာ ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်က ရေငန်ပုစွန်ကျား သားပေါက်များကို လွှဲပြောင်းပေးအပ်ပြီး ရေငန်ပုစွန်ကျား သားပေါက်များကို စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အများသိစေရန်သတိပေးကြော်ငြာချက်

ကွန်ုပ်၏အမှုသည်ဖြစ်သူ ဝေလင်းစက်မှုလက်မှုကုမ္ပဏီလီမိတက်၊ အခန်း(၆)အဆောက်အအုံ အမှတ်(၃)၊ မြန်မာအင်ဖိုတက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းဖွင့်လှစ်ထားပြီး မြန်မာနိုင်ငံဥပဒေအရတည်ထောင်ထားသော ဝေလင်းစက်မှုလက်မှု ကုမ္ပဏီလီမိတက်သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကုမ္ပဏီ၏ တစ်ဦးတည်း မူပိုင်အဖြစ် ပိုင်ဆိုင်သုံးစွဲခွင့်ရှိသူဖြစ်ပြီး ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့စွဲပါ စာချုပ်အမှတ် ၉၇၄/၂၀၁၀အရ မှတ်ပုံတင်ထားပြီး၊ အဆိုပါအမှတ်တံဆိပ်ကို ကွန်ုပ်အမှုသည်ကုမ္ပဏီကထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိသော International Class 7 covering "machines and machine tools; motors and engines (except for land vehicles); machines coupling and transmission components (except for land vehicles); agrucultural implements other than hand operated; incubators for eggs"; and Class 11 covering "apparatus for lighting, heating, steam generating , cooking, regrigerating, drying, ventilating, water supply and sanitaty purposes နှင့်တကွ ဆက်နွယ်သော ပစ္စည်းများ၊ အသုံးအဆောင်များအားလုံးတွင် ရိုက်နှိပ်၍လည်းကောင်း၊ ဖိနှိပ်၍လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စဉ်ဆက်မပြတ် တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

Kanaung®

အထက်ပါကုန်အမှတ်တံဆိပ်ကို တုပ၍သော်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ သုံးစွဲသူများအား တရားဥပဒေအရထိရောက်စွာ အရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးကြော်ငြာလိုက်သည်။

မလိုက်နာပျက်ကွက်ပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူရလိမ့်မည်ဟု သတိပေးလိုက်သည်။

ဦးမင်းစိန်
တရားရုံးချုပ်ရှေ့နေ(စဉ်-၁၆၉၉)
ပန်းဆိုးတန်းအော့ဖစ်(စ်)တာဝါ(၇)ထပ်၊ အမှတ်-၁၈၉-၁၉၅၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သွေးသည် အသက်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၁၂

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သင်္ကြန်ပွဲတော်ကာလတွင် မီးဘေးလုံခြုံရေးပိုမိုဂရုစိုက် ဝန်ကြီး ဦးအောင်ကြည် နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံး၌ မှာကြား

နေပြည်တော် ဧပြီ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် မီးသတ်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရ ဦးသန်းကျော်ကျော်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လုပ်ငန်းတာဝန်များကို စွမ်းဆောင်ရည်အပြည့်ဖြင့် ကြိုးကြိုးစားစား လုပ်ကိုင်ကြရန်၊ မီးသတ်တပ်ဖွဲ့အား ပြည်သူက ယုံကြည်အားကိုးမှုရှိအောင် ဆောင်ရွက်ကြရန် မှာကြားသည်။ (အပေါ်ပုံ)

သရုပ်ပြသ

ဆက်လက်၍ ဝန်ကြီးက သင်္ကြန်ပွဲတော်ကာလတွင် မီးဘေးလုံခြုံရေး ပိုမိုဂရုစိုက်ဆောင်ရွက်ကြရန်၊ ရုံးများတွင် ဝန်ထမ်းများမရှိစဉ် ဝါယာရှော့ဖြစ်ပွားပါက ချက်ချင်းမသိနိုင်၍ ဖြစ်ပွားပါက အမြန်ဆုံး ငြိမ်းသတ်နိုင်ရန်နှင့် ရေရရှိရေးအစီအမံများ ပြုလုပ်ထားရှိရန်၊ အမြဲ အသင့်ရှိ၊ သတိရှိရန်၊ မပေါ့ကြရန် မှာကြားပြီး တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှု မီးငြိမ်းသတ်လေ့ကျင့်ခန်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်း (Wet Drill) သရုပ်ပြသခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ၏ လမ်းပြမြေပုံစနစ်အတွက် ဂြိုဟ်တုကွန်ရက်တစ်ခု တည်ဆောက်နေ

အင်တာနက်ဂြိုဟ်တု နည်းပညာသတင်း
ဘာသာပြန်-တက်လူ

ပေကျင်း ဧပြီ ၁၂

တရုတ် သိပ္ပံပညာရှင်များသည် ဂြိုဟ်တုကွန်ရက်တစ်ခုကို အသုံးပြုကာ လမ်းပြမြေပုံစနစ်တစ်ရပ်ကို ဖော်ထုတ်လျက်ရှိသည်။ အမေရိကန်၏ ဂျီပီအက်စ်စနစ်၊ ဥရောပသမဂ္ဂ၏ ဂယ်လီလီယိုစနစ်၊ ရုရှား၏ကမ္ဘာ့လမ်းပြဂြိုဟ်တုစနစ်တို့ကို ယှဉ်ပြိုင်နိုင်မည့် ကိုယ်ပိုင်ဂြိုဟ်တုကွန်ရက်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

တရုတ်နိုင်ငံ စီချွမ်ပြည်နယ် စီချန်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)